## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | စုဆောင်းပြုစုသူ၏ အမှာစကား | ၁ |
| ၂ | အပိုင်း (၁)။ ဗြိတိသျှ ကိုလိုနီလက်အောက်ကျရောက်ခြင်း | ၂ |
| ၃ | အပိုင်း (၂)။ ကိုလိုနီခေတ်လယ်ယာစိုက်ပျိုးမြေများတိုးချဲ့ခြင်း | ၃ |
| | – မတူညီသော စီးပွားရေးစနစ် ၂ ခု | ၃ |
| | - စိုက်ပျိုးရေးလုပ်ငန်းတိုးချဲ့ရန်အတွက် အိန္ဒိယလူမျိုးများ ခေါ်ယူခြင်း | ၃–၄ |
| | – အခြေခံအဆောက်အအုံ တည်ဆောက်ခြင်း | ၄ |
| | – လယ်ယာမြေတိုးချဲ့မှုအခြေအနေ | ၄–၅ |
| | – ဂျပန်ခေတ်လယ်ယာမြေအခြေအနေ | ၆ |
| | – ဆင်းမလား စီမံကိန်း | ၆ |
| | – စစ်ပြီးခေတ် ဆန်စပါးလုပ်ငန်း ပြန်လည်ထူထောင်မှု | ၇ |
| | – လွတ်လပ်ရေးရယူရန် အကြိုပြင်ဆင်ကာလ | ၈–၉ |
| ၄ | အပိုင်း(၃)။ ကိုလိုနီခေတ် မြန်မာ့ဆန်စပါး ပြည်ပတင်ပို့မှု | ၁၀ |
| | – စူးအက်တူးမြောင်းဖောက်လုပ်ခြင်း | ၁၀–၁၁ |
| | – ကိုလိုနီခေတ် မြန်မာ့ဆန်ဈေးကွက် | ၁၁–၁၂ |
| | – အခြေခံအဆောက်အအုံများတည်ဆောက်ခြင်း | ၁၂–၁၃ |
| ၅ | အပိုင်း (၄)။ ကိုလိုနီခေတ် မြန်မာဆန်စပါးလုပ်ငန်း၏ အဓိက ဦးဆောင်အဖွဲ့ အစည်းများ | ၁၄ |
| | – ဆန်အုပ်ချုပ်ရေးအဖွဲ့(Rice Control Board)(၁၉၁၈–၁၉၂၀) | ၁၄–၁၅ |
| | – ဘူလင်ဂျာပူးလ်(Bullinger Pool) (၁၉၂၁–၁၉၄၁) | ၁၅ |
| | – ၁၉၄၁ ခုနှစ် ဆန်အုပ်ချုပ်ရေးအဖွဲ့ (Rice Control Board) | ၁၅–၁၆ |
| | – လယ်ယာစိုက်ပျိုးရေးစီမံကိန်းအဖွဲ့(Agricultural Project Board–APB) | ၁၆–၁၇ |
| | – ဆန်စပါးအဝယ်တော်ကိုယ်စားလှယ်များ(Paddy Rice Procurement Agencies) | ၁၇ |
| | – လန်ဒန်ဆန်ပွဲစားများအသင်း (London Rice Broker Association) | ၁၇–၁၈ |
| | – မြန်မာနိုင်ငံဆန်ကုန်သည်ကြီးများအသင်း (၁၉၂၁–၁၉၄၀) | ၁၈ |
| | – ရန်ကုန် ဆန်ပွဲစားများအသင်း | ၁၈ |
| | – နိုင်ငံတော်ကောက်ပဲသီးနှံဝယ်ယူရေးအဖွဲ့ (SAMB) | ၁၉ |

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၆ | အပိုင်း(၅)။ လယ်ယာစိုက်ပျိုးစရိတ်အတွက်ဘဏ္ဍာငွေပံ့ပိုးမှု(Agriculture Financing) | ၂၀-၂၃ |
| | - ချစ်တီးချေးငွေလုပ်ငန်း | ၂၃-၂၄ |
| | - တောင်သူလယ်သမား ကြီးပွားတိုးတက်ရေးရန်ပုံငွေ | ၂၄-၂၅ |
| ၇ | အပိုင်း (၆)။ ဆန်အရည်အသွေးထိန်းသိမ်းမြှင့်တင်ခြင်း | ၂၆-၂၇ |
| | - ဆန်အကဲဖြတ်အဖွဲ့ဖွဲ့စည်းခြင်း | |
| | - ဆန်အရည်အချင်းသတ်မှတ်ချက်များနှင့်ဖြတ်တောက်နှုန်းများ သတ်မှတ်ခြင်း | ၂၇-၂၈ |
| | - အရည်အသွေးပြဿနာများ | ၂၈-၂၉ |
| ၈ | အပိုင်း (၇)။ ဆန်စပါးဈေးကွက်တွင်အစိုးရ၏ဝင်ရောက်ဆောင်ရွက်မှုများ (Government Intervention) | ၃၀ |
| | - ဘူလင်ဂျာပူးလ်အဖွဲ့၏ ဈေးကွက်ခြယ်လှယ်မှုအား စုံစမ်းစစ်ဆေးခြင်း | ၃၀-၃၂ |
| | - ပြည်ပဆန်ကုန်သွယ်မှု စုံစမ်းရေးကော်မတီ (Rice Export Trade Enquiry Committee) | ၃၂ |
| ၉ | အပိုင်း(၈)။ ရန်ကုန်မြို့လူဦးရေနှင့် လူတန်းစားအလိုက် အလုပ်အကိုင်အခွင့်အလမ်း အခြေအနေ | ၃၃-၃၄ |
| ၁၀ | အပိုင်း(၉)။ သင်ခန်းစာများ | ၃၅ |
| | - ကိုလိုနီခေတ် လယ်ယာစိုက်ပျိုးမြေများ တိုးချဲ့ခြင်း | ၃၅-၃၆ |
| | - ကိုလိုနီခေတ် မြန်မာ့ဆန်စပါးတင်ပို့မှု | ၃၆-၃၇ |
| | - ကိုလိုနီခေတ် မြန်မာ့ဆန်စပါးအဓိကဦးဆောင်အဖွဲ့အစည်းများ | ၃၇ |
| | - လယ်ယာစိုက်ပျိုးရေးကဏ္ဍအတွက် ဘဏ္ဍာငွေပံ့ပိုးမှု | ၃၇-၃၈ |
| | - ဆန်အရည်အသွေးထိန်းသိမ်းမြှင့်တင်ခြင်း | ၃၈-၃၉ |
| | - အစိုးရ၏ဝင်ရောက်ဆောင်ရွက်မှုများ | ၃၉ |
| ၁၁ | နိဂုံး | ၃၉-၄၀ |
| ၁၂ | မှီငြမ်းကိုးကားစာရင်း | ၄၀ |

## ခေတ်အလိုက်(ကိုလိုနီခေတ်) မြန်မာ့ဆန်စပါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ခဲ့မှု အခြေအနေနှင့်သင်ခန်းစာများစာတမ်း

## စုဆောင်းပြုစုသူ၏ အမှာစကား

မြန်မာ့ဆန်စပါးလုပ်ငန်းကဏ္ဍကို လေ့လာလျှင် အင်္ဂလိပ်၊ ကိုလိုနီခေတ်၌ ကမ္ဘာ့ဆန် အများဆုံးတင်ပို့ရောင်းချနိုင်သည့် နိုင်ငံအဖြစ်သို့ ရောက်ရှိခဲ့သဖြင့် စီးပွားရေးအရ အအောင်မြင်ဆုံး ကာလဟု ဆိုရမည်ဖြစ်ပါသည်။ အဆိုပါအောင်မြင်မှုနှင့်အတူ ရန်ကုန်မြို့သည်လည်း အာရှ၏ အဓိက ကုန်သွယ်မှုအချက်အချာကျသည့် ခေတ်မီမြို့တစ်မြို့အဖြစ် အသိအမှတ်ပြုခံခဲ့ရပါသည်။ ရန်ကုန်မြို့တွင် နိုင်ငံတကာမှ စီးပွားရေးလုပ်ငန်းရှင်များ၊ အသိအပညာ အတတ်ပညာရှင်များ၊ နိုင်ငံခြားသားလုပ်သားများဖြင့် ပျားပန်းခတ်မျှ စည်ကားခဲ့သဖြင့် ၁၉၂၀ နှောင်းပိုင်းကာလတွင် အမေရိကန်နိုင်ငံ၊ နယူးယောက်ဆိပ်ကမ်းမြို့ထက်ကျော်၍ ကမ္ဘာ့အကြီးဆုံး လူဝင်မှုဆိပ်ကမ်းမြို့ အဖြစ် သတ်မှတ်ခံခဲ့ရသည်။

အဆိုပါ မြန်မာ့ဆန်စပါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှု၊ ရန်ကုန်မြို့၏ စည်ကားကျော်ကြားမှုကို ပုံဖော်ရာတွင် အများစုသည် စီးပွားရေးရှုထောင့်မှ လေ့လာသုံးသပ်မှုများအဖြစ်နှင့်သာ တွေ့ရပြီး အဆိုပါစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၏ အခြားမျက်နှာစာတွင် ရှိနေသည့် ဗြိတိသျှကိုလိုနီတို့၏ အုပ်ချုပ်ခံမြန်မာပြည်သူများ၊ အထူးသဖြင့် အခြေခံလူတန်းစားများဖြစ်သော တောင်သူ လယ်သမားများ၊ အလုပ်သမားများ၊ သာမန်ပြည်သူများ၏ နေ့စဉ်လူနေမှုဘဝအပေါ် မည်သို့ သက်ရောက်မှုရှိခဲ့သည်ကိုလည်း မြန်မာနှင့်ကမ္ဘာ့သမိုင်းပညာရှင်များက လေ့လာမှတ်တမ်းတင်ခဲ့ ကြပါသည်။

ဤစာတမ်းသည် ကိုလိုနီခေတ်မြန်မာ့ဆန်စပါးလုပ်ငန်း၏ ပမာဏအတိုင်းအတာအရ အမြင့်ဆုံးအခြေအနေသို့ရောက်ရှိချိန်တွင် ဗြိတိသျှအစိုးရ၏ မြန်မာနိုင်ငံအပေါ် ထားရှိသည့် မူဝါဒများ၊ လက်တွေ့အကောင်အထည်ဖော်လုပ်ဆောင်မှုများ၊ နိုင်ငံခြားသားများ အဓိက ဦးဆောင်သည့် ဆန်စပါးကုမ္ပဏီများနှင့်အဖွဲ့အစည်းများ၏ ခြယ်လှယ်လုပ်ဆောင်မှုများ၊ မြန်မာ နိုင်ငံသားလွှတ်တော်အမတ်များနှင့်ခေါင်းဆောင်များ၏ မိမိနိုင်ငံအုပ်ချုပ်ခံဘဝရောက်နေရသည့် အခြေအနေမှာပင် ရနိုင်သည့်အခွင့်အလမ်းကို အသုံးချကြိုးပမ်းမှုများကို သမိုင်းမှတ်တမ်းစာအုပ်၊ စာစောင်များကို အခြေခံ၍ စုစည်းပြုစုသုံးသပ်တင်ပြခြင်းသာ ဖြစ်ပါသည်။

ကိုလိုနီခေတ် ဆန်စပါးလုပ်ငန်းမှရရှိခဲ့သည့် သင်ခန်းစာများကို အခြေခံ၍ မျက်မှောက် ခေတ်နှင့် အနာဂတ် မြန်မာ့ဆန်စပါးလုပ်ငန်းနယ်ပယ် တိုးတက်အောင်မြင်ရေးအတွက် မူဝါဒနှင့် လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ရာတွင် ဤစာတမ်းက အတိုင်းအတာတစ်ခုအထိ အထောက်အပံ့ ရမည်ဟု ယုံကြည်ပါကြောင်း စုဆောင်းပြုစုသူ၏ဆန္ဒကို ဖော်ပြအပ်ပါသည်။

အပိုင်း (၁)

## ဗြိတိသျှကိုလိုနီ လက်အောက်ကျရောက်ခြင်း

၁။ ဗြိတိသျှတို့သည် အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲ (၁၈၂၄-၁၈၂၆) ဖြင့် ရခိုင်၊ တနင်္သာရီနှင့် အာသံတို့ကိုလည်းကောင်း၊ ဒုတိယစစ်ပွဲ (၁၈၅၂) ဖြင့် အောက်မြန်မာနိုင်ငံတစ်ခုလုံးကိုလည်းကောင်း သိမ်းပိုက်ခဲ့ပြီးနောက် အထက်မြန်မာနိုင်ငံအပါအဝင် တစ်နိုင်ငံလုံးကို ဆက်လက်သိမ်းပိုက်ရန် ကြိုးပမ်းခဲ့ရာ ဘုံဘေဘားမားသစ်ပြဿနာဟု လူသိများသည့်ကိစ္စရပ်ကို အကြောင်းပြု၍ အင်္ဂလိပ်-မြန်မာ တတိယ စစ်ပွဲကို ဖန်တီးခဲ့သည်။

၂။ မြန်မာဘုရင်အစိုးရက ဘုံဘေဘားမား ကုန်သန်းရောင်းဝယ်ရေးကော်ပိုရေးရှင်း (BBTC)ကို အနှစ် (၂၀) သစ်ထုတ်လုပ်ခွင့် (၁၈၆၄-၁၈၈၄) ပေးအပ်ခဲ့ပြီးနောက် ၁၉-၁၀-၁၈၈၄ နေ့တွင် စာချုပ်အသစ် ထပ်မံချုပ်ဆိုခွင့်ပြု၍ သစ်ထုတ်လုပ်ခွင့် အသစ်ထပ်မံချပေးခဲ့သည်။ သစ်ထုတ်ယူခွင့်အသစ်အတွက် မြို့စားတစ်ဦးအား လာဘ်ငွေကျပ် ၆၀၀၀၀ ပေးခဲ့ရကြောင်း၊ BBTC သည် သစ်လုံးအမြောက်အမြားကို အခွန်မဆောင်ဘဲ ခိုးထုတ်ခဲ့ကြောင်း၊ မြန်မာ့သစ်ခေါင်းများကို လုပ်ခလစာမပေးကြောင်း စသဖြင့် မြန်မာဘုရင်လွှတ်တော်သို့ တိုင်ကြားမှုများ ရှိခဲ့သဖြင့် မြန်မာလွှတ်တော်တွင် သက်ဆိုင်ရာဝန်ကြီးများနှင့် ဝန်ထောက်များက ဦးဆောင်စစ်ဆေးကြားနာခဲ့ပြီးနောက် ၁၈၈၅ ခုနှစ် ဩဂုတ်လ ၁၂ ရက်တွင် အမိန့်ချမှတ်ခဲ့သည်။ အဆိုပါအမိန့်အရ ဘုံဘေဘားမားကုန်သန်းရောင်းဝယ်ရေးကော်ပိုရေးရှင်းက မြန်မာဘုရင်အား အခွန်နှင့် ဒဏ်ငွေအဖြစ် ကျပ် (၂၃)သိန်းနှင့် သစ်ခေါင်းများအား လုပ်ခငွေအဖြစ် ကျပ်(၅)သိန်း၊ စုစုပေါင်း ကျပ် (၂၈)သိန်းကို ပေးချေရန် ဖြစ်ပါသည်။

၃။ အဆိုပါ မြန်မာ့လွှတ်တော်၏စီရင်ချက်ကို ဗြိတိသျှကုန်သည်ကြီးများအသင်း (ရန်ကုန်)နှင့် (လန်ဒန်)တို့က ကန့်ကွက်ခဲ့ကြပြီး ကျန်ရှိနေသော အထက်မြန်မာပြည်ကို သိမ်းပိုက်ရန် ဗြိတိသျှအစိုးရအား တောင်းဆိုခဲ့ကြသည်။ ၁၈၈၅ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်တွင် ယခင်ထဲက သိမ်းထားသည့် အောက်မြန်မာနိုင်ငံမှ ဗြိတိသျှနှင့် အိန္ဒိယစစ်တပ်များ အထက်မြန်မာနိုင်ငံသို့ ချီတက်တိုက်ခိုက်ခဲ့ရာ နိုဝင်ဘာလ ၂၅ ရက်နေ့တွင် သီပေါဘုရင်အား ဖမ်းဆီးခဲ့ပြီးနောက် ဒီဇင်ဘာလ ၃၁ ရက်နေ့၊ ည ၁၂:၀၀ နာရီအချိန်တွင် မြန်မာနိုင်ငံအား ဗြိတိသျှလက်အောက်သို့သိမ်းပိုက်နိုင်ခြင်းအထိမ်းအမှတ် နှစ်သစ်ကူးလက်ဆောင်အဖြစ် ဗြိတိသျှအစိုးရအဖွဲ့၏ အိန္ဒိယနိုင်ငံဆိုင်ရာဝန်ကြီး လော့ဒ်ရမ်းဒေါ့ချာချီက ဝိတိုရိယဘုရင်မထံ ဆက်သခဲ့သည်။ ၁၈၈၆ ခု၊ ဇန်နဝါရီလ ၁ ရက်နေ့တွင် မြန်မာနိုင်ငံအား ဗြိတိသျှဘုရင်မပိုင်နယ်မြေအဖြစ် သတ်မှတ်ကြောင်းနှင့် အိန္ဒိယဘုရင်ခံက သင့်လျော်သလို မှူးမတ်အရာရှိများ ခန့်အပ်၍ အုပ်ချုပ်မည်ဖြစ်ကြောင်း တရားဝင်အမိန့်ထုတ်ပြန်ခဲ့သည်။ **နောက်ဆက်တွဲ (က)**

အပိုင်း (၂)

## ကိုလိုနီခေတ်လယ်ယာစိုက်ပျိုးမြေများတိုးချဲ့ခြင်း

### မတူညီသော စီးပွားရေးစနစ် ၂ ခု

၁။ မြန်မာနိုင်ငံအား အင်္ဂလိပ်တို့သိမ်းပိုက်ပြီးနောက် မတူညီသော စီးပွားရေးပုံစံ ၂ ခု ဖြစ်သည့် အင်္ဂလိပ်အရင်းရှင်စီးပွားရေးစနစ်နှင့် မြန်မာပဒေသရာဇ်စီးပွားရေးစနစ်တို့ကို လိုသလို အသုံးချ၍ ကျင့်သုံးခဲ့ကြောင်း တွေ့ရသည်။ အင်္ဂလန်အပါအဝင် ဥရောပအရင်းရှင်စီးပွားရေးစနစ်၏ ကုန်ထုတ်လုပ်မှုအတွက် လိုအပ်သော ကုန်ကြမ်းများကို ဖြည့်ဆည်းရန်နှင့် ကုန်ချောများကို မြန်မာဈေးကွက်သို့ ဖြန့်ဖြူးရန် ဟူသော"မူ"ကို ကျင့်သုံးခဲ့သည်။

### စိုက်ပျိုးရေးလုပ်ငန်းတိုးချဲ့ရန်အတွက် အိန္ဒိလူမျိုးများ ခေါ်ယူခြင်း

၂။ အင်္ဂလိပ်- မြန်မာ ဒုတိယစစ်ပွဲ (၁၈၅၂) အပြီး အောက်မြန်မာနိုင်ငံ၏ အခြေအနေမှာ လူဦးရေနည်းပါး၍ ဆန်စပါးကို ကိုယ်ပိုင်စားသုံးမှုအတွက်သာ စိုက်ပျိုးသောကြောင့် အောက်မြန်မာပြည်ရှိ လယ်ယာမြေများ တိုးချဲ့ခုတ်ထွင်ရှင်းလင်းဖော်ထုတ်ရန် လိုအပ်လာခဲ့သည်။ ထို့ကြောင့် အင်္ဂလိပ်အစိုးရသည် အထက်မြန်မာပြည်မှ လယ်သမားများ ရွှေ့ပြောင်းစေရန် သဿမေအခွန် ၂ နှစ် လွတ်ငြိမ်းခွင့်ပြုမှုအပါအဝင် နည်းမျိုးစုံဖြင့် သွေးဆောင်ခဲ့သည်။

၃။ ထို့အပြင် အိန္ဒိယလူမျိုး (အမျိုးသားများ)ကို အောက်မြန်မာပြည်သို့ လာရောက် လုပ်ကိုင်ရန် အောက်ပါအတိုင်း စီစဉ်ခဲ့သည်-

(က) ၁၈၇၄ တွင် စရိတ်ငွေ တစ်သိန်းဖြင့် ဘင်္ဂလားမှ အိန္ဒိယ လူမျိုး ၇,၀၀၀ ခေါ်ယူခဲ့ခြင်း၊

(ခ) ၁၈၇၆ တွင် အလုပ်သမား ဥပဒေတစ်ရပ် ပြဋ္ဌာန်း၍ အိန္ဒိယနိုင်ငံ ကိုကိုနာဒါမြို့တွင် အလုပ်သမားစုဆောင်းရေးကိုယ်စားလှယ် ခန့်အပ်၍ မဒရပ်ပြည်နယ်မှ အိန္ဒိယ အမျိုးသား များကို နှစ်စဉ်ခေါ်ယူခဲ့ခြင်း၊

(ဂ) ဘီဟာနှင့် ဒါဂျီလင်တို့မှ လူ ၁,၀၀၀ လျှင် ကျပ် ၃၀၀၀ အကုန်အကျခံ၍ ၁၈၈၂-၈၃ တွင် ခေါ်ယူခဲ့ခြင်း၊

၄။ အထက်တွင်ဖော်ပြခဲ့သည့် ပြောင်းရွှေ့ရေးအစီအစဉ်များကြောင့် ၁၉၀၆ ခုနှစ်မှ စတင်၍ ၁၉၃၇ အထိ အိန္ဒိယမှပြောင်းရွှေ့လာသူဦးရေမှာ ၁၀,၄၂၃,၀၃၄ (၁၀ ဒသမ ၄၂၃ သန်း) ရှိခဲ့ကြောင်း မှတ်တမ်းအရ သိရှိခဲ့ရပါသည်။ ဗြိတိသျှအစိုးရသည် မြန်မာပြည်ကို သိမ်းပိုက်စဉ်ထဲက မြန်မာပြည်အား အိန္ဒိယ၏ လက်အောက်ခံအစိတ်အပိုင်းအဖြစ် သတ်မှတ်၍ သိမ်းယူခဲ့ခြင်းမှာ အိန္ဒိယလူမျိုး အမျိုးသားများကို မြန်မာနိုင်ငံအတွင်းသို့ စီးပွားရေးအတွက် အသုံးချရန်

တစ်ခုတည်းမဟုတ်ပဲ စစ်ရေးအတွက်ပါ လိုသလိုအသုံးချနိုင်ရန်အတွက် ၎င်း၏ လက်အောက်ခံ နယ်မြေအတွင်း အတားအဆီးမရှိ ရွှေ့ပြောင်းနိုင်ရန် ကြိုတင်ရည်ရွယ်ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါသည်။

**အခြေခံအဆောက်အအုံ တည်ဆောက်ခြင်း**

၅။ ဆန်စပါး တိုးတက်စိုက်ပျိုးထုတ်လုပ်ရန်အတွက် လိုအပ်သော အခြေခံအဆောက်အအုံများကိုလည်း အင်္ဂလိပ်အစိုးရက တည်ထောင်ခဲ့သည်။

(က) **အောက်မြန်မာပြည်။** နှစ်စဉ်မိုးများ၍ ရေလျှံခြင်း၊ ပင်လယ်ဆားငန်ရေဝင်ခြင်းကြောင့် လယ်ယာမြေများ နှစ်စဉ်ပျက်စီးခြင်းမှ ကာကွယ်ရန် ရေကာတာ၊ ရေနုတ်မြောင်းများ တည်ဆောက်ခဲ့မှု အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

(၁) မအူပင် ရေကာတာ(၁၈၈၀–၈၁)

(၂) ကြံခင်း–မြန်အောင်–ဟင်္သာတ ရေကာတာ(၁၈၈၁–၈၂)

(၃) စစ်တောင်းမြစ် ရေကာတာ(၁၈၈၇–၈၈)

(၄) သုံးခွကျွန်း ရေကာတာ(၁၉၂၂–၂၃)

(၅) တမာတကော ရေကာတာ(၁၉၂၅–၂၆)

(ခ) **အထက်မြန်မာပြည်။** ရှေးမြန်မာမင်းများ ထူထောင်ခဲ့သော ဆည်များကို ပြုပြင်ခဲ့သည့်အပြင် အောက်ပါဆည်မြောင်းများကိုလည်း တည်ထောင်ခဲ့သည်–

(၁) မန္တလေးဆည်(၁၉၁၂) ဧက ၁၁၀,၀၀၀

(၂) ရွှေဘိုဆည်(၁၉၀၆)
(၃) ရေဦးဆည်(၁၉၁၈)
} လယ်ဧက ၃၅၀,၀၀၀

(၄) မုန်းဆည်မြောင်း(၁၉၁၁)

(၅) စလင်းဆည်မြောင်း(၁၉၃၄)

**လယ်ယာမြေတိုးချဲ့မှုအခြေအနေ**

၆။ ဆန်စပါးစိုက်ပျိုးရန်လိုအပ်သည့် လုပ်သားများကို စုဆောင်းခြင်း၊ လိုအပ်သော အခြေခံအဆောက်အအုံများ တိုးချဲ့တည်ထောင်ခဲ့ခြင်းကြောင့် လယ်ယာစိုက်ပျိုးမြေများ တစ်နှစ်ထက်တစ်နှစ် တိုးတက်ခဲ့သည့်အပြင် စပါးစိုက်ပျိုးမှုများလည်း တိုးတက်လာခဲ့ပုံကို ဇယား–၁ နှင့် ဇယား–၂ တို့ဖြင့် ဖော်ပြထားပါသည်–

## ဇယား-၁။ စိုက်ပျိုးမြေများ တိုးတက်လာမှုအခြေအနေ [၁/]

| စဉ် | ခုနှစ် | စိုက်ပျိုးမြေဧရိယာ | နှစ်အလိုက် တိုးလာသောဧက |
|---|---|---|---|
| ၁ | ၁၈၅၂-၅၃ | ၆၀၀,၀၀၀ | - |
| ၂ | ၁၈၇၂-၇၃ | ၁,၅၀၀,၀၀၀ | ၉၀၀,၀၀၀ |
| ၃ | ၁၈၈၂-၈၃ | ၂,၈၆၀,၀၀၀ | ၁၃၆,၀၀၀ |
| ၄ | ၁၈၉၂-၉၃ | ၄,၄၆၇,၀၀၀ | ၁,၆၀၇,၀၀၀ |
| ၅ | ၁၉၀၂-၀၃ | ၆,၆၄၉,၀၀၀ | ၂,၁၈၂,၀၀၀ |
| ၆ | ၁၉၁၂-၁၃ | ၇,၉၁၃,၀၀၀ | ၁,၂၆၄,၀၀၀ |
| ၇ | ၁၉၂၂-၂၃ | ၈,၉၁၆,၀၀၀ | ၁,၀၂၃,၀၀၀ |

## ဇယား-၂။ စပါးစိုက်ပျိုးမှု တိုးတက်လာမှုအခြေအနေ [၂/]

ရေတွက်ပုံ-ဧက

| စဉ် | ခုနှစ် | အောက်မြန်မာနိုင်ငံ | အထက်မြန်မာနိုင်ငံ | စုစုပေါင်း |
|---|---|---|---|---|
| ၁ | ၁၈၉၀ | ၄,၃၉၈,၀၀၀ | ၁,၃၅၇,၀၀၀ | ၅,၇၅၅,၀၀၀ |
| ၂ | ၁၈၉၅ | ၅,၀၀၇,၀၀၀ | ၁,၅၀၀,၀၀၀ | ၆,၅၀၇,၀၀၀ |
| ၃ | ၁၉၀၀ | ၆,၅၇၈,၀၀၀ | ၁,၉၇၂,၀၀၀ | ၈,၅၅၀,၀၀၀ |
| ၄ | ၁၉၀၅ | ၇,၂၂၂,၀၀၀ | ၂,၀၅၇,၀၀၀ | ၉,၂၇၉,၀၀၀ |
| ၅ | ၁၉၁၀ | ၇,၈၀၈,၀၀၀ | ၂,၁၄၂,၀၀၀ | ၉,၉၅၀,၀၀၀ |
| ၆ | ၁၉၁၅ | ၈,၂၈၅,၀၀၀ | ၂,၁၁၉,၀၀၀ | ၁၀,၄၀၄,၀၀၀ |
| ၇ | ၁၉၂၀ | ၈,၅၈၈,၀၀၀ | ၁,၇၅၁,၀၀၀ | ၁၀,၃၃၉,၀၀၀ |
| ၈ | ၁၉၂၅ | ၉,၃၁၈,၀၀၀ | ၂,၂၄၀,၀၀၀ | ၁၁,၅၅၈,၀၀၀ |
| ၉ | ၁၉၃၀ | ၉,၉၁၁,၀၀၀ | ၂,၄၅၉,၀၀၀ | ၁၂,၃၇၀,၀၀၀ |
| ၁၀ | ၁၉၃၅ | ၉,၇၀၂,၃၇၁ | ၂,၃၀၇,၃၄၆ | ၁၂,၀၀၉,၇၁၇ |
| ၁၁ | ၁၉၄၀-၁၉၄၁ | ၉,၉၃၂,၅၄၈ | ၂,၅၈၅,၉၅၁ | ၁၂,၅၁၈,၄၉၉ |

၁/ မြန်မာနိုင်ငံစပါးစိုက်ပျိုးထုတ်လုပ်ရောင်းချမှု-၁၉၈၇ (စာ - ၄၉)

၂/ မြန်မာနိုင်ငံစပါးစိုက်ပျိုးထုတ်လုပ်ရောင်းချမှု -၁၉၈၇ (စာ - ၅၀)

**ဂျပန်ခေတ်လယ်ယာမြေအခြေအနေ**

၇။ ဂျပန်ခေတ်တွင် အောက်ပါအကြောင်းများကြောင့် လယ်ယာကုန်ထုတ်လုပ်ငန်းများ သိသိသာသာကျဆင်းခဲ့ပါသည်–

(က) လယ်သမားများ ချွေးတပ်ဆွဲခြင်း၊

(ခ) ကျွဲ၊နွား၊ လှည်းတို့အား စစ်ဖက်သယ်ယူပို့ဆောင်မှုတွင် အသုံးချရန် သိမ်းယူခြင်း၊

(ဂ) လယ်ယာစရိတ် ထုတ်ပေးမည့်သူ မရှိခြင်း၊

(ဃ) စပါးများဝယ်မည့်သူ မရှိခြင်း၊

(င) လယ်သမားများအခြား အသက်မွေးဝမ်းကျောင်းလုပ်ငန်းများသို့ ပြောင်းရွှေ့လုပ်ကိုင်ခြင်း (ဆားချက်၊ ငါးဖမ်း၊ အရောင်းအဝယ်)။

၈။ ဂျပန်ခေတ်မတိုင်မီ မြန်မာနိုင်ငံ၏ စပါးစိုက်ဧကသည် ၁၂ သန်းကျော်ရှိခဲ့ပြီး စပါးတန်ချိန် (၇) သန်းကျော် ထွက်ရှိခဲ့ရာမှ ဂျပန်ခေတ်တွင် စပါးစိုက်ဧက ၆ သန်းသာ ရှိခဲ့ပြီး စပါးအထွက် တန်ချိန် (၂) သန်းကျော်အထိ လျော့ကျလာခဲ့ပါသည်။

**ဆင်းမလား စီမံကိန်း**

၉။ ဒုတိယကမ္ဘာစစ်အပြီးတွင် မြန်မာနိုင်ငံကို ဗြိတိသျှ အစိုးရက ကတ်စ်ဘီ ခေါ် မြို့ပြ ဗြိတိသျှ စစ်အုပ်ချုပ်ရေးဖြင့် အုပ်ချုပ်ခဲ့ရာ အမျိုးသားလွတ်မြောက်ရေးကြိုးပမ်းမှုကြောင့် အဆိုပါ အုပ်ချုပ်ရေးစနစ်ကို ၁၉၄၅ ခု၊ အောက်တိုဘာ ၁၅ တွင် ရပ်ဆိုင်းခဲ့ပြီး အိန္ဒိယနိုင်ငံ၊ ဆင်းမလားမြို့တွင် ဘုရင်ခံ ဆာဒေါ်မန်စမစ် ရေးဆွဲခဲ့သည့် ဆင်းမလားစက္ကူဖြူ စီမံကိန်းဖြင့် ဆက်လက် အုပ်ချုပ်ခဲ့ပါသည်။ ဆင်းမလားစီမံကိန်းတွင် ဆန်စပါးလုပ်ငန်း ပြန်လည်ထူထောင်ရေး ပါဝင်ခဲ့ပြီး စစ်ပြီးကာလတွင် ကမ္ဘာ့ဆန်ဈေးကွက်၌ ဝယ်လိုအားမြင့်တက်လာမှုကြောင့် ဆန်စပါး ရောင်းချသည့် နိုင်ငံခြားအရင်းရှင်ကုမ္ပဏီကြီးများအတွက် ဈေးကောင်းရရန် အခြေအနေပေးခဲ့သဖြင့် ဗြိတိသျှ အစိုးရက မြန်မာ့ဆန်စပါးလုပ်ငန်းကို ပြန်လည်ထူထောင်ရန် အစီအစဉ်များ ချမှတ်ခဲ့သည်။

၁၀။ မြန်မာ "စီးပွားရေးပြန်လည်ထူထောင်မှု"ဟု အကြောင်းပြ၍ အောက်ပါ ဥပဒေများကို ပြဋ္ဌာန်းခဲ့သည်–

(က) ၁၉၄၅ ခုနှစ် မြေယာပဋိပက္ခဥပဒေ

(ခ) ငွေတိုးချစားသူများ အက်ဥပဒေ

(ဂ) ၁၉၄၆ သီးစားချထားရေး ဥပဒေ

(ဃ) ၁၉၄၇ ခုနှစ် သီးစားခနှုန်း အက်ဥပဒေ

(င) မြန်မာနိုင်ငံတော် လယ်ယာလုပ်ကိုင်သူတို့ ကြွေးမြီသက်သာရေးအက်ဥပဒေ

**စစ်ပြီးခေတ် ဆန်စပါးလုပ်ငန်း ပြန်လည်ထူထောင်မှု**

၁၁။ အဆိုပါ ဥပဒေများကို ၁၉၄၅ ခုနှစ်မှသာ စတင်ပြဋ္ဌာန်းပေးခြင်းကို ကြည့်ခြင်းဖြင့် အင်္ဂလိပ်အစိုးရသည် ယခင်အုပ်ချုပ်ခဲ့သည့် နှစ်(၁၀၀)ကျော် ကာလတစ်လျှောက်လုံး တောင်သူလယ်သမားများ၏ဘဝကို ကာကွယ်ပေးမှုမရှိသည့်အခြေအနေ ပေါ်လွင်ခဲ့သည်။ ထို့အပြင် လွတ်လပ်ရေးပေးခါနီးအချိန်တွင်မှ အောက်ပါ အစီအစဉ်များကိုပါ ဆောင်ရွက်ခဲ့သည်–

(က) ၁၉၄၅–၄၆ ခုနှစ်တွင် လယ်ယာသုံးကိရိယာများ၊ အဝတ်အစားများနှင့် အိမ်သုံးပစ္စည်းများကို အကြွေးရောင်းချပေးခြင်း၊

(ခ) မိမိစိုက်ပျိုးသည့် မြေဧရိယာကို ၁၉၄၅ ခုနှစ်ကထက် ၁၉၄၆ ခုနှစ်တွင် တိုးချဲ့စိုက်ပျိုးပါက တစ်ဧကလျှင် ဆုကြေးငွေ ၁၂ ကျပ် ချီးမြှင့်မည်ဟု ကြေညာခြင်း၊

(ဂ) ၁၉၄၇ ခုနှစ်၊ ဧပြီလတွင် ဘဏ္ဍာတော်မင်းကြီးကိုယ်တိုင် ကျွဲ၊ နွား၊ မျိုးစေ့ စသည့် လယ်ယာလုပ်ငန်းတွင် မရှိမဖြစ်ပစ္စည်းများ ဝယ်ယူရန် တောင်သူလယ်သမားများအား အမတော်ကြေးများ အမြဲထုတ်ချေးရန် အမိန့်ထုတ်ပြန်ခြင်း၊

(ဃ) ၁၉၄၇ ခုနှစ်တွင် လယ်သမားလုပ်ငန်းဆိုင်ရာ ကြွေးမြီများ ဆိုင်းငံ့ထားရေး အက်ဥပဒေ ပြဋ္ဌာန်းခဲ့ပြီး အဆိုပါဥပဒေအရ ၁၉၄၅ ခုနှစ် အောက်တိုဘာလ ၁၆ ရက်နေ့မတိုင်မီ တင်ရှိသော လယ်ယာလုပ်ငန်းဆိုင်ရာကြွေးမြီများကို ခြောက်လဆိုင်းငံ့ထားနိုင်ခွင့်ပြုခြင်း။

၁၂။ ဗြိတိသျှအစိုးရ၏ မြန်မာ့စီးပွားရေးပြန်လည်ထူထောင်မှု လုပ်ငန်းစီမံချက်သည် ရည်မှန်းထားခဲ့သည့်အတိုင်း အောင်မြင်မှုရရှိကြောင်း အောက်ပါဇယားဖြင့် ဖော်ပြချက်အရ သိနိုင်ပါသည်–

**ဇယား–၁။ စစ်ပြီးစ လယ်ယာစိုက်ပျိုးရေး စိုက်ဧက ၃/**

| သီးနှံအမျိုးအစား | ၁၉၄၅–၄၆ | ၁၉၄၆–၄၇ | ၁၉၄၇–၄၈ |
|---|---|---|---|
| စပါး | ၆,၆၅၀,၈၅၅ ဧက | ၇,၉၀၉,၈၉၄ ဧက | ၉,၂၆၄,၅၅၉ ဧက |
| နှမ်းလျှင် | ၇၉၆,၂၂၆ ဧက | ၇၅၉,၈၅၂ ဧက | ၉၁၅,၉၃၁ ဧက |
| နှမ်းကြီး | ၄၂၂,၅၈၂ ဧက | ၄၈၆,၈၉၂ ဧက | ၄၆၄,၄၈၂ ဧက |
| မြေပဲ | ၆၂၁,၆၃၇ ဧက | ၅၇၂,၀၂၀ ဧက | ၇၂၇,၇၇၈ ဧက |

၃/ မြန်မာနိုင်ငံစပါးစိုက်ပျိုးထုတ်လုပ်ရောင်းချမှု–၁၉၈၇ (စာ–၅၄)

**လွတ်လပ်ရေးရယူရန် အကြိုပြင်ဆင်ကာလ**

၁၃။ ၁၉၄၆-၄၇ ခုနှစ်များသည် လွတ်လပ်ရေးရယူရေးအတွက် ကြိုတင်ပြင်ဆင်နေသော ကာလဖြစ်၍ လွတ်လပ်ရေးရရှိပြီးပါက ကျင့်သုံးမည့်စီးပွားရေးစနစ်နှင့် နိုင်ငံပြန်လည်ထူထောင်ရေး လုပ်ငန်းအရပ်ရပ်ကို အဖွဲ့အစည်းအသီးသီးက ဆွေးနွေးလုပ်ဆောင်ခဲ့ကြသည်။ ၁၉၄၆ ခုနှစ် စက်တင်ဘာလတွင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော ကြားဖြတ် အစိုးရကို ဖွဲ့စည်းခဲ့ပြီး ၁၉၄၇ ခုနှစ် ဇွန်လ ၆ ရက်တွင် ပြည်လမ်း ဆိုရန်တိုဗီလာ အဆောက်အုံ၌ "မြန်မာနိုင်ငံ၏ စီးပွားရေးကွန်ဖရင့်"ကို ကျင်းပပြုလုပ်ခဲ့သည်။ အဆိုပါ ကွန်ဖရင့်တွင် မြန်မာ နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး ၂ နှစ် စီမံကိန်းကို ချမှတ်ခဲ့ရာ လယ်ယာမြေ တိုးချဲ့ လုပ်ကိုင်ရေးနှင့်ပတ်သက်သော ၂ နှစ် စီမံကိန်းကို ထည့်သွင်းရေးဆွဲခဲ့ပြီး လယ်ယာမြေ ဝေငှရေး ကိုလည်း ထည့်သွင်းတင်ပြခဲ့သည်။

၁၄။ ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေတွင်လည်း လယ်ယာမြေ ဝေငှရေးနှင့်ပတ်သက်၍ ထည့်သွင်းရေးဆွဲခဲ့သည်။ အခန်း ၃၊ အပိုဒ် ၃၀ တွင်-

(က) နိုင်ငံတော်သည် မြေယာအားလုံး၏ ပင်ရင်းမြေပိုင်ရှင် ဖြစ်သည်။

(ခ) ဤအခြေခံ ဥပဒေ၏ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ မြေယာပိုင်ခွင့် စနစ်များကို စည်းမျဉ်းတကျ ဖြစ်စေရန်သော်လည်းကောင်း၊ လွှဲပြောင်းရန်သော် လည်းကောင်း၊ ဖျက်သိမ်းရန်သော်လည်းကောင်း နိုင်ငံတော်၌ အခွင့်အရေး ရှိရမည်။ သို့တည်းမဟုတ် မည်သည့်မြေယာမြေကိုမဆို ပြန်လည် သိမ်းယူလျှင် ထိုမြေယာကို စုပေါင်းစိုက်ပျိုးရေးအတွက်ဖြစ်စေ၊ သမဝါယမစိုက်ပျိုးရေးအတွက် ဖြစ်စေ၊ လယ်သီးစားသမားများသို့ဖြစ်စေ ဝေငှပေးရန် အခွင့်အရေးရှိရမည်။

(ဂ) မည်သည့်အခြေခံစနစ်နှင့်မှ မြေယာအမြောက်အမြား ပိုင်ဆိုင်ခွင့်မရှိစေရ။ တစ်ဦးတည်းပိုင်ဖြစ်သော မြေယာ၏အများဆုံး မြေယာအရေအတွက်ကို အကြောင်း ညီညွတ်လျှင် ညီညွတ်ချင်း တရားဥပဒေဖြင့် သတ်မှတ်ရမည်။

၁၅။ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေကို ၁၉၄၈ ခုနှစ် အောက်တိုဘာလ ၁၁ ရက်တွင် ပြဋ္ဌာန်းခဲ့သည်။ အဆိုပါ ဥပဒေကို အကောင်အထည်ဖော်သည့်ကာလဖြစ်သော ၁၉၄၈ ခုနှစ်မှ ၁၉၅၂-၅၃ ခုနှစ်အထိ အောက်မြန်မာ နိုင်ငံတွင် စပါးစိုက်ပျိုးသည့် ခရိုင် ၁၃ ခရိုင်၌ စိုက်ပျိုးမြေ ဧကပေါင်း ၉ ဒသမ ၆၈ သန်းတွင် **ကိုယ်တိုင် စိုက်ပျိုးခြင်းမရှိသည့် မြေရှင်များလက်ဝယ်တွင် ဧက ၇ ဒသမ ၁၅ သန်းခန့်ရှိပြီး စိုက်ပျိုး သူများလက်ဝယ်တွင် ၂ ဒသမ ၅၃ သန်းသာ ရှိသည်ကို** လေ့လာသိရှိရသဖြင့် စုစုပေါင်း လယ်ယာ

မြေ၏ ၇၄ ရာခိုင်နှုန်းနီးပါးသည် မြေရှင်များလက်ဝယ်တွင် ရှိနေခြင်းဖြစ်ပြီး၊ အဆိုပါ မြေရှင်များ၏ ပိုင်ဆိုင်မှုတွင်လည်း တိုင်းရင်းသားမြေရှင်များ လက်ဝယ်တွင် ဧက ၄ ဒသမ ၈၄ သန်းနှင့် **ချစ်တီးများ လက်ဝယ်တွင် ဧက ၂ ဒသမ ၃၁ သန်း ရှိနေခဲ့သည်။**

၁၆။ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတိုးတက်လာမှုကို အကြောင်းပြု၍ ငွေရှင်ကြေးရှင်ကြီးများနှင့် မြေပိုင်ရှင်များ လယ်ယာကဏ္ဍတွင် ဝင်ရောက်ရင်းနှီးမြှုပ်နှံမှုကြောင့် လယ်ယာမြေ အမြောက် အမြားကို ၎င်းတို့က ဝယ်ယူခဲ့ကြသည်။ လယ်သမားများလိုအပ်သော အရင်းအနှီးအတွက် အတိုးနှုန်း ကြီးမြင့်စွာဖြင့် လယ်ကို အပေါင်ထားပြီး ငွေချေးယူခဲ့ရ၍ အကြွေးသံသရာလည်ကာ မြေရှင်ကြီးများထံ လယ်များ ပေးအပ်ခဲ့သောကြောင့် မြန်မာ့လယ်ယာမြေသမိုင်းတွင် မြေပိုင်ရှင်စနစ် ပေါ်ပေါက်ခဲ့ခြင်းဖြစ်ပါသည်။ လယ်သမားများ လယ်မပိုင်တော့ဘဲ မြေပိုင်ရှင်များ၏ လယ်ယာ လုပ်သားဘဝသို့ ရောက်ရှိခဲ့သည်။

၁၇။ ၁၉၄၈ ဥပဒေတွင် ချို့ယွင်းချက်၊ အားနည်းချက်များ ရှိခဲ့၍ ၁၉၅၃ တွင် ပြင်ဆင်ချက်များ ထည့်သွင်းပြီး လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေကို ပါလီမန်တွင် တင်သွင်းအတည်ပြု ခဲ့သည်။ ၁၉၄၈ ခုနှစ်တွင် စတင်အတည်ပြုခဲ့သော်လည်း ၁၉၅၃ ခုနှစ်ရောက်မှသာ ထိထိရောက်ရောက် စတင်အကောင်အထည်ဖော်နိုင်ခဲ့သည့် အခြေအနေကို တွေ့ရပါသည်။

အပိုင်း(၃)

## ကိုလိုနီခေတ် မြန်မာ့ဆန်စပါး ပြည်ပတင်ပို့မှု

### စူးအက်တူးမြောင်းဖောက်လုပ်ခြင်း

၁။ ၁၈၆၉ ခုနှစ်တွင် ဖောက်လုပ်ပြီးစီးခဲ့သော စူးအက်တူးမြောင်းသည် မြန်မာ့ကူးသန်းရောင်းဝယ်ရေး သာမက ကမ္ဘာ့ကူးသန်းရောင်းဝယ်ရေးကိုပါ များစွာ အထောက်အကူပြုခဲ့သည်။ စူးအက်တူးမြောင်း ဖောက်လုပ်ပြီးနောက် အနောက်ဥရောပသို့ မြန်မာ့ဆန်များ ပိုမိုတင်ပို့ခဲ့သည်ကို ဇယား-၄ နှင့် ဇယား-၅ တို့တွင် ဖော်ပြထားပါသည်-

**ဇယား-၄။ မြန်မာနိုင်ငံမှ ပြည်ပသို့တင်ပို့သော ဆန်တန်ချိန်ဇယား**

**(၁၈၄၀ ပြည့်နှစ်မှ ၁၉၀၀ ပြည့်နှစ်အထိ)** ၁/

| ခုနှစ် | အနောက်ပိုင်း ဈေးကွက်များ | | အရှေ့ပိုင်း ဈေးကွက်များ | စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|
| | ဥရောပ | အခြား | | | |
| ၁၈၄၀ | ၆,၅၀၀ | - | ၆၈,၀၀၀ | ၇၄,၅၀၀ | ရခိုင်မှသာ တင်ပို့သည်။ |
| ၁၈၅၅ | ၁၃၀,၀၀၀ | - | ၃၂,၀၀၀ | ၁၆၂,၀၀၀ | ။ |
| ၁၈၆၀ | ၁၂၃,၀၀၀ | - | ၁,၀၀၀ | ၁၂၄,၀၀၀ | ။ |
| ၁၈၆၆ | ၄၁,၀၀၀ | - | ၃၀၄,၀၀၀ | ၃၄၅,၀၀၀ | စပါးအနေဖြင့် |
| ၁၈၇၀ | ၃၅၀,၀၀၀ | - | ၂၄,၀၀၀ | ၃၇၄,၀၀၀ | တင်ပို့သည်ကို |
| ၁၈၈၀ | ၆၄၈,၀၀၀ | - | ၁၄၅,၀၀၀ | ၇၉၃,၀၀၀ | ညီမျှဆန်တန်ဖြင့် ဖော်ပြထားပါသည်။ |
| ၁၈၉၀ | ၇၄၉,၀၀၀ | - | ၄၃၈,၀၀၀ | ၁,၁၈၇,၀၀၀ | |
| ၁၉၀၀-၀၁ | ၇၂၃,၁၃၇ | - | ၁,၃၃၆,၅၈၇ | ၂,၀၅၉,၇၀၄ | |

၁/ မြန်မာ့ဆန်စပါးရောင်းဝယ်ရေးသမိုင်း (၂၀၀၃)
(စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး) စာ - ၂၁

## ဇယား-၅။ မြန်မာနိုင်ငံမှ နိုင်ငံခြားသို့ နှစ်စဉ်တင်ပို့သော စပါး ဆန်တန်ချိန်နှင့် တန်ဖိုးဇယား ၂/

| အမှတ်စဉ် | ခုနှစ် | စပါးတန်ချိန် | ဆန်တန်ချိန် | သင့်ငွေ (ဖွဲနုအပါအဝင်) (ကျပ်သိန်းပေါင်း) |
|---|---|---|---|---|
| ၁ | ၁၉၂၃-၂၄ | ၁၀၃,၄၈၅ | ၂,၂၁၄,၆၃၉ | ၃,၆၃၃.၉၅ |
| ၂ | ၁၉၂၄-၂၅ | ၁၄၁,၁၁၁ | ၂,၃၅၃,၀၁၁ | ၃,၉၅၇.၇၅ |
| ၃ | ၁၉၂၅-၂၆ | ၁၈၇,၈၆၁ | ၃,၁၂၂,၉၇၃ | ၄,၉၈၂.၃၁ |
| ၄ | ၁၉၂၆-၂၇ | ၁၅၀,၇၀၄ | ၂,၃၅၃,၃၁၈ | ၃,၉၁၂.၄၅ |
| ၅ | ၁၉၂၇-၂၈ | ၂၀၀,၆၄၃ | ၂,၇၆၅,၀၂၂ | ၄,၄၁၉.၂၅ |
| ၆ | ၁၉၂၈-၂၉ | ၂၃၄,၀၀၆ | ၂,၅၅၂,၃၈၇ | ၃,၈၆၇.၂၀ |
| ၇ | ၁၉၂၉-၃၀ | ၁၉၇,၅၅၇ | ၂,၉၄၀,၂၀၄ | ၃,၉၈၆.၆၉ |
| ၈ | ၁၉၃၀-၃၁ | ၁၉၆,၄၂၄ | ၂,၇၈၉,၃၆၀ | ၃,၁၃၀.၆၉ |
| ၉ | ၁၉၃၁-၃၂ | ၂၃၆,၉၇၃ | ၃,၁၅၁,၈၄၉ | ၂,၄၈၈.၇၆ |
| ၁၀ | ၁၉၃၂-၃၃ | ၁၆၄,၈၃၇ | ၂,၅၃၈,၄၀၀ | ၂,၀၂၃.၆၆ |
| ၁၁ | ၁၉၃၃-၃၄ | ၁၇၀,၇၅၀ | ၃,၁၄၄,၇၅၃ | ၁,၉၄၃.၈၇ |
| ၁၂ | ၁၉၃၄-၃၅ | ၂၃၁,၆၉၃ | ၃,၃၆၇,၂၀၄ | ၂,၁၈၄.၂၃ |
| ၁၃ | ၁၉၃၅-၃၆ | ၁၈၆,၇၄၁ | ၂,၇၇၈,၆၉၈ | ၂,၂၂၁.၀၇ |
| ၁၄ | ၁၉၃၆-၃၇ | ၉၄,၈၃၂ | ၂,၇၅၆,၅၃၀ | ၂,၁၈၃.၄၂ |
| ၁၅ | ၁၉၃၇-၃၈ | ၆၅,၈၆၁ | ၂,၇၇၆,၉၇၇ | ၂,၂၀၅.၃၅ |
| ၁၆ | ၁၉၃၈-၃၉ | ၁၁၁,၂၂၇ | ၂,၉၂၆,၀၁၀ | ၂,၂၃၃.၅၃ |
| ၁၇ | ၁၉၃၉-၄၀ | ၅၂၅,၁၉ | ၃,၀၄၈,၆၆၄ | ၂,၅၀၄.၁၀ |

### ကိုလိုနီခေတ် မြန်မာ့ဆန်ဈေးကွက်

၂။ ပထမကမ္ဘာစစ်မဖြစ်မီအချိန်က မြန်မာဆန် အဓိကရောင်းချသောဈေးကွက်မှာ ဥရောပဈေးကွက်နှင့် အရှေ့ဖျားနိုင်ငံများဈေးကွက်ဖြစ်သည်။ စစ်ပြီးကာလတွင် ဥရောပနိုင်ငံများ၏ အခြေအနေအပြောင်းအလဲအရလည်းကောင်း၊ အိန္ဒိယက မြန်မာ့ဆန်ကို ပိုမိုဝယ်ယူလာခဲ့ခြင်းကြောင့်လည်းကောင်း ဆန်ဈေးကွက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။ ၁၉၃၁-၃၂ မှ ၁၉၃၅-၃၆ အထိ ဈေးကွက်အလိုက်၊ နိုင်ငံအလိုက် တင်ပို့ခဲ့သော ဆန်တန်ချိန်အား **နောက်ဆက်တွဲ(ခ)** ဖြင့် တင်ပြပါသည်။

၂/ မြန်မာနိုင်ငံစပါးစိုက်ပျိုးထုတ်လုပ်ရောင်းချမှု -၁၉၈၇ (စာ - ၄၅၅)

(က) **ဥရောပဆန်ဈေးကွက်။** အဓိကဝယ်ယူသောနိုင်ငံများမှာ– အင်္ဂလန်၊ ဂျာမနီနှင့် နယ်သာလန်နိုင်ငံများဖြစ်ပြီး ပြင်သစ်၊ ပိုလန်နှင့် ဘယ်လ်ဂျီယံနိုင်ငံများကလည်း အနည်းငယ် ဝယ်ယူကြပါသည်။ အီတလီနိုင်ငံက ပြန်လည်တင်ပို့ရန် ဝယ်ယူပါသည်။ ဂျာမနီသည် မြန်မာဆန်ကို အဓိကဝယ်ယူသော နိုင်ငံဖြစ်ပြီး နှစ်စဉ် လုံးစင်ဆန် (၃)သိန်း ဝယ်ယူသည်။ ဥရောပဈေးကွက်သို့ ဆန်တင်ပို့ရာတွင် ပြိုင်ဘက်နိုင်ငံများမှာ အမေရိကန်၊ စပိန်၊ အီတလီနှင့် ယိုးဒယား (ထိုင်း) တို့ဖြစ်သည်။

(ခ) **အခြားအနောက်နိုင်ငံများဈေးကွက်။** အဓိကဝယ်ယူသောနိုင်ငံများမှာ– ကျူးဘား၊ မောရစ်ရှ၊ အနောက်အိန္ဒိယကျွန်းစု၊ အီဂျစ်၊ အာရပ်နိုင်ငံများနှင့် အာဖရိကတိုက် တို့ဖြစ်ပါသည်။ ထိုင်း၊ အင်ဒိုချိုင်းနားနိုင်ငံ (ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ လာအို) နိုင်ငံများ ကလည်း အဆိုပါဈေးကွက်သို့ တင်ပို့ကြ၍ ဈေးကွက်ယှဉ်ပြိုင်မှု ကြီးပါသည်။

(ဂ) **အရှေ့ဖျားဈေးကွက်။** မလေး၊ ဒတ်ချ် အရှေ့အိန္ဒိယကျွန်းစု၊ ဟောင်ကောင်၊ တရုတ်၊ ဂျပန်နှင့် မလက္ကာရေလက်ကြားရှိ ဗြိတိသျှကိုလိုနီနိုင်ငံများဈေးကွက် ဖြစ်ပါသည်။ ထိုင်းနှင့် အင်ဒိုချိုင်းနားအုပ်စုဝင်နိုင်ငံများက ပထဝီအနေအထားအရ အဆိုပါဈေးကွက်နှင့် ပိုမို နီးစပ်သဖြင့် မြန်မာနိုင်ငံထက် ၎င်းတို့က ဈေးကွက်အသာရခဲ့ပါသည်။

(ဃ) **အိန္ဒိယနှင့်သီဟိုဠ်နိုင်ငံများဈေးကွက်။** မြန်မာက မိမိပြိုင်ဘက်ဖြစ်သော ထိုင်း၊ အင်ဒိုချိုင်းနားနိုင်ငံများထက် ပထဝီအနေအထားအရ နီးစပ်မှုရှိသဖြင့် အဆိုပါဈေးကွက်ကို လက်ဝါးကြီးအုပ်ထားနိုင်ခဲ့ပါသည်။

**အခြေခံအဆောက်အအုံများတည်ဆောက်ခြင်း**

၃။ ဗြိတိသျှအစိုးရသည် ပြည်တွင်း၌ ဆန်စပါးများ၊ ကျွန်းသစ်နှင့်သတ္တုများကို စရိတ် သက်သာစွာဖြင့် သယ်ယူပို့ဆောင်၍ ပြည်ပသို့တင်ပို့နိုင်ရန် အခြေခံအဆောက်အအုံများ ထူထောင်မှု အခြေအနေကို အောက်ပါအတိုင်း တင်ပြအပ်ပါသည်။

(က) **တွံတေးတူးမြောင်း။** ၁၈၈၃ ခုနှစ်တွင် တွံတေးတူးမြောင်းကို ဖောက်လုပ် ပြီးစီး ခဲ့ပြီး မြစ်ဝကျွန်းပေါ်မှ စပါးများ ရန်ကုန်သို့ လွယ်ကူစွာ သယ်ယူနိုင်ခဲ့သည်။

(ခ) **ရန်ကုန်–ပြည် မီးရထားလမ်း။** ရန်ကုန်မြို့ရှိ ဆန်စက်ပိုင်ရှင်များနှင့် ဆန်စပါး ရောင်းဝယ်သည့်ကုမ္ပဏီများ၏ တောင်းဆိုချက်အရ မြန်မာပြည် မီးရထား ကုမ္ပဏီသည် ၁၈၇၇ ခုနှစ်တွင် ပဲခူးအနောက်ခြမ်းမှ စပါးများသယ်ယူနိုင်ရန် ရန်ကုန်–ပြည် မီးရထားလမ်းကို ဖောက်လုပ်ခဲ့သည်။

(ဂ) **ရန်ကုန်-တောင်ငူ ရထားလမ်း။** ၁၈၈၅ ခုနှစ်တွင် ရန်ကုန်-တောင်ငူ ရထားလမ်းကို ဖောက်လုပ်ခဲ့ပြီး ပဲခူးတိုင်းအရှေ့ခြမ်းမှ စပါးများကို ရန်ကုန်သို့ သယ်ယူနိုင်ခဲ့သည်။

(ဃ) **တောင်ငူ-မန္တလေးရထားလမ်း။** ၁၈၈၉ ခုနှစ်တွင် တောင်ငူမှမန္တလေးသို့ ဆက်လက် ဖောက်လုပ်ခဲ့သည်။

(င) **မန္တလေး-မူးမြစ်ဝှမ်းရထားလမ်း။** မန္တလေး-ရွှေဘိုရထားလမ်းအား ၁၈၉၁ ခုနှစ် တွင်လည်းကောင်း၊ ၁၈၉၃ ခုနှစ်တွင် ဝန်းသို သို့လည်းကောင်း၊ ၁၈၉၅ ခုနှစ်တွင် ကသာနှင့် ၁၈၉၈ ခုနှစ်တွင် မြစ်ကြီးနားသို့ ရထားလမ်းဖောက်လုပ်ခဲ့ပြီး ၎င်းဒေသ များမှ ထွက်ရှိသည့် ဆန်စပါးနှင့်သစ်များအား ရန်ကုန်သို့ သယ်ယူခဲ့သည်။

(စ) **ရန်ကုန်-မုတ္တမ-ရေးလမ်း။** ၁၈၈၂ ခုနှစ်တွင် ပဲခူး-မုတ္တမရထားလမ်းကို လည်းကောင်း၊ မော်လမြိုင်မှရေးသို့လည်း ဆက်လက်ဖောက်လုပ်ခဲ့ပြီး မွန်ပြည်နယ် နှင့် တနင်္သာရီတိုင်းမှ ထွက်သောစပါးများကို သယ်ယူခဲ့သည်။

(ဆ) **ပုသိမ်-ကြံခင်းနှင့် မန္တလေး-သီပေါ-လားရှိုးရထားလမ်း။** ၁၉၀၁ ခုနှစ်မှ ၁၉၀၅ ခုနှစ်အတွင်း ပုသိမ်-ဟင်္သာတ-ကြံခင်းစသည့် ဧရာဝတီမြစ်ဝကျွန်းပေါ်တွင် ရထား လမ်းများ ဖောက်လုပ်ခဲ့ပြီး ဆန်စပါးများ၊ ကျွန်းသစ်များ လွယ်ကူစွာ သယ်ယူနိုင်ခဲ့ ပါသည်။ ထို့အတူပင် အဆိုပါကာလတွင် မန္တလေး-သီပေါ-လားရှိုး ရထားလမ်းကို ဂုတ်ထိပ်တံတားအပါအဝင် တည်ဆောက်ခဲ့သည်။

၄။ ကိုလိုနီခေတ် ဗြိတိသျှတို့ တည်ထောင်ခဲ့သော တူးမြောင်းများ၊ ရထားလမ်းများကို လေ့လာပါက ဆန်၊ စပါးနှင့် ကျွန်းသစ်အဓိကထွက်ရှိရာ ဒေသများတွင် ဖောက်ခဲ့ခြင်းဖြစ်ပြီး မြန်မာ့ဆန်၊ ကျွန်းသစ်နှင့်သတ္တုများကို ပြည်ပသို့ လျင်လျင်မြန်မြန် တင်ပို့နိုင်ရေးအတွက် တစ်နည်းအားဖြင့် ကုန်သွယ်မှုအတွက်သာ ရည်ရွယ်ခဲ့ကြောင်း တွေ့ရှိရသည်။ ၁၉၄၁ ခုနှစ်တွင် ရန်ကုန်မြို့၏လူဦးရေမှာ ငါးသိန်းကျော် ဝန်းကျင်ရှိခဲ့ရာ ထိုစဉ်က ဗြိတိသျှကိုလိုနီတို့၏ ပို့ကုန် များအတွက် တည်ဆောက်ခဲ့သော ခေတ်မီ အခြေခံအဆောက်အအုံများကြောင့် အာရှတွင် ခေတ်အမီဆုံးမြို့တစ်မြို့ ဖြစ်ခဲ့သော်လည်း ထိုစဉ်က ရန်ကုန်နှင့် ခေတ်ပြိုင်မြို့များဖြစ်သည့် တိုကျို၊ အိုဆာကာနှင့် ရှန်ဟိုင်းမြို့ကြီးများကဲ့သို့ စက်မှုလုပ်ငန်းများ ထူထောင်မှုမရှိခဲ့သဖြင့် ဗြိတိသျှတို့သည် မြန်မာနိုင်ငံမှ သယံဇာတအရင်းအမြစ်များကိုသာ ကမ္ဘာ့ဈေးကွက်သို့ တင်ပို့ရန် ဦးစားပေးခဲ့ပြီး၊ စက်မှုလုပ်ငန်းများ ထူထောင်ရန်အစီအစဉ် မရှိခဲ့သည့်အပြင် ဥရောပနိုင်ငံတစ်လွှားမှ ထုတ်လုပ်သော ဇိမ်ခံပစ္စည်းမျိုးစုံအပါအဝင် လူသုံးကုန်များကို မြန်မာနိုင်ငံတွင် ကုန်တိုက်များ ဖွင့်လှစ်၍ တင်သွင်းရောင်းချရန်သာ စီစဉ်ခဲ့ကြပါသည်။

အပိုင်း (၄)

## ကိုလိုနီခေတ် မြန်မာဆန်စပါးလုပ်ငန်း၏ အဓိက ဦးဆောင်အဖွဲ့အစည်းများ

**ဆန်အုပ်ချုပ်ရေးအဖွဲ့(Rice Control Board)(၁၉၁၈-၁၉၂၀)**

၁။ ပထမကမ္ဘာစစ် ပြီးဆုံးသော ၁၉၁၈ ခုနှစ်တွင် အိန္ဒိယအစိုးရသည် ဆန်အုပ်ချုပ်ရေးအဖွဲ့ (Rice Control Board) ကို ဖွဲ့စည်းပြီး အောက်ပါတို့ကို အဓိကလုပ်ဆောင်ခဲ့ပါသည်-

(က) မြန်မာနိုင်ငံမှ ဆန်များကို ပြည်ပနိုင်ငံများသို့ တိုက်ရိုက်ရောင်းချခွင့်မပြုဘဲ ဆန်အုပ်ချုပ်ရေးအဖွဲ့ကသာ ရောင်းချသည်။ အဆိုပါအဖွဲ့တွင် ဆန်မင်းကြီး တစ်ဦးနှင့် အတိုင်ပင်ခံ အဖွဲ့ဝင် ၄ ဦးပါဝင်သည်။

(ခ) နှစ်အလိုက် ပြည်တွင်းစပါးဈေးနှုန်းကို အောက်ပါ အခြေအနေများပေါ် မူတည်၍ အဖွဲ့က သတ်မှတ်သည်-

(၁) သက်ဆိုင်ရာ နှစ်အလိုက် စပါးအထွက်နှုန်း ခန့်မှန်း၊

(၂) ယခင်နှစ် ဈေးနှုန်း၊

(၃) ထွန်ယက်စိုက်ပျိုးစရိတ်၊

(၄) ပြည်ပဈေးကွက် ဝယ်လိုအားနှင့်ဝယ်သူများက (ပေးသင့်သည့်/ ရောင်းချသင့်သည့်) ဈေးနှုန်း။

(ဂ) အဖွဲ့က ပြည်ပကုန်ဝယ်သူနှင့် စာချုပ်၍ ပြည်တွင်းဆန်စက်ပိုင်ရှင်များ၊ ဆန်ကုန်သည်များထံမှ FOB ဈေးဖြင့် တင်ဒါတင်သွင်းစေ၍ ဝယ်ယူသည်။

(ဃ) ၁၉၂၀ ပြည့်နှစ်တွင် အိန္ဒိယမှအပ အခြားနိုင်ငံများသို့ ဆန်တန်ချိန် ၉ သိန်း တင်ပို့ခဲ့ရာမှ အမြတ်+အတိုး ကျပ် ၉ ကုဋေခွဲကျော် ရရှိခဲ့သည်။ အိန္ဒိယနိုင်ငံသို့ တင်ပို့ခဲ့သည့် ဆန်တန်ချိန် ၁၃ သိန်းမှ မြန်မာအစိုးရအတွက် အမြတ်ငွေ မရခဲ့သည့်အပြင် ကျပ် ၁၃ ကုဋေ ဆုံးရှုံးနစ်နာခဲ့သည်။

၂။ ဆန်အုပ်ချုပ်ရေးအဖွဲ့၏ လုပ်ဆောင်ချက်ကြောင့် အိန္ဒိယနိုင်ငံအပေါ် တစ်ဖက်သတ်အကျိုးရှိမှုများကို ထိုစဉ်က ဝေဖန်ထောက်ပြမှုများ ရှိခဲ့သည်။ အိန္ဒိယနိုင်ငံ၏ ဆန်လက်ကားဈေးကွက်တွင် တစ်တန်လျှင် ရူပီး ၃၀ ခန့်ဈေးလျော့၍ ရောင်းချနိုင်စေရန် ဈေးနှုန်းချိုသာအောင် လုပ်ဆောင်ခြင်းဖြင့် အိန္ဒိယ ပြည်တွင်းချည်စက်ရုံကြီးများမှ အလုပ်သမားများအား ဆန်ကို ဈေးသက်သာစွာ ရောင်းချပေးနိုင်သောကြောင့် လုပ်သားခ ဈေးသက်သာသဖြင့် ဝါဂွမ်းနှင့် ချည်စက် အလုပ်ရှင်ကြီးများ အမြတ်အစွန်း ပိုမိုရရှိလာခဲ့ကြသည်။ မြန်မာပြည်က ဆန်ဈေးချိုစွာ ရရှိ၍ အိန္ဒိယနိုင်ငံတွင် စပါးထက်ဈေးပိုရသည့် ဂုန်လျှော်များ ပြောင်းလဲစိုက်ခဲ့သဖြင့်လည်း

ဂုန်လျှော်ကုန်ကြမ်းဈေးနှုန်း သက်သာစွာရ၍ ဂုန်နီစက်ရုံများ အကျိုးအမြတ်များစွာ ရရှိကြပြန်သည်။ မြန်မာနိုင်ငံ ဆန်အုပ်ချုပ်ရေးအဖွဲ့၏ လုပ်ဆောင်ချက်မှာ မြန်မာနိုင်ငံထက် အိန္ဒိယနိုင်ငံအတွက် အကျိုးရှိစေရေးကို ရည်ရွယ်လုပ်ဆောင်ခဲ့ကြောင်းတွေ့ရ၍ ဆန့်ကျင်ကန့်ကွက်မှုများပေါ်ပေါက်ခဲ့ပြီး ဆန်အုပ်ချုပ်ရေးအဖွဲ့အား ၁၉၂၀ ခုနှစ်တွင် ဖျက်သိမ်းခဲ့သည်။

**ဘူလင်ဂျာပူးလ်(Bullinger Pool) (၁၉၂၁-၁၉၄၁)**

၃။ အိန္ဒိယအစိုးရက မြန်မာနိုင်ငံ ဆန်အုပ်ချုပ်ရေးအဖွဲ့အား ဖျက်သိမ်းပြီးနောက် ၁၉၂၁ ခုနှစ်တွင် အဓိက ဆန်စပါးကုမ္ပဏီကြီး ၄ ခုဖြစ်သည့် စတီးဘရားသားကုမ္ပဏီ(Steel Brothers)၊ ဘူးလော့ဘရားသားကုမ္ပဏီ(Bulloch Brothers)၊ အယ်လာမန်အာရကန် ဆန်နှင့်ကူးသန်းရောင်းဝယ်ရေးကုမ္ပဏီ (Ellerman's Arracan Rice and Trading Company Limited) နှင့် အင်္ဂလိုဘားမားကုမ္ပဏီ(The Anglo–Burma Rice Company Limited) တို့ဖြင့် ဘူလင်ဂျာပူးလ်ကို ထူထောင်ခဲ့သည်။ အဆိုပါအဖွဲ့သည် မြန်မာနိုင်ငံ၏ အဓိကဆိပ်ကမ်းမြို့ကြီးများတွင် ဆန်စက်ကြီး ၂၁ လုံး ပိုင်ဆိုင်ပြီး၊ ပြည်ပသို့ နှစ်စဉ်တင်ပို့သည့် ဆန်တန်ချိန် စုစုပေါင်း၏ ၃၅% ကို ဘူလင်ဂျာပူးလ် အဖွဲ့ဝင်ကုမ္ပဏီများက တင်ပို့ခြင်းဖြစ်သည်။ အဖွဲ့၏ အကျိုးအမြတ်အတွက် ပြည်တွင်း ဆန်စပါးဈေးကွက်နှင့် ပြည်ပ ဆန်တင်ပို့မှုတို့အား ထိန်းချုပ်ဆောင်ရွက်သဖြင့် ပြည်တွင်းဆန်စပါးဈေးနှုန်းများ ကျဆင်းပြီး လယ်သမားများနှင့် တိုင်းရင်းသား ဆန်စပါးကုမ္ပဏီများအပေါ် ထိခိုက်မှု ဖြစ်ပေါ်ခဲ့သည်။ ဘူလင်ဂျာပူးလ်သည် မြန်မာ့ဆန်စပါးရောင်းဝယ်ရေးလောကတွင် ၁၉၂၁ ခုနှစ်မှ ဒုတိယကမ္ဘာစစ်ကြီးအပြီး ၁၉၄၁ ခုနှစ်အထိ ခြယ်လှယ်လုပ်ကိုင်ခဲ့သည့် အခြေအနေကို တွေ့ရသည်။

**၁၉၄၁ ခုနှစ် ဆန်အုပ်ချုပ်ရေးအဖွဲ့ (Rice Control Board)**

၄။ ၁၉၄၁ ခုနှစ် မတ်လ ၁၄ ရက်နေ့တွင် ပြုလုပ်သော အောက်လွှတ်တော် (House of Representatives)၌ ရမည်းသင်း(တောင်ပိုင်း) အမတ် ဒေါ်မမခင်က ဆန်စပါးလုပ်ငန်းကို အစိုးရက ဦးဆောင်ချုပ်ကိုင်ဆောင်ရွက်ရန် အဆိုတစ်ရပ် တင်သွင်းခဲ့ရာ ထောက်ခံသူများ၍ လွှတ်တော်က အတည်ပြုခဲ့သည်။ ၁၉၄၁ ခုနှစ် အောက်တိုဘာလတွင် ဆန်အုပ်ချုပ်ရေးအဖွဲ့ (Rice Control Ordinance 1941) ကို ထုတ်ပြန်ခဲ့ပြီး ဆန်ပြည်ပတင်ပို့ရေးနှင့်စပ်လျဉ်း၍ မျှတစွာ ကြီးကြပ်ဆောင်ရွက်ရန် ဆန်အုပ်ချုပ်ရေးအဖွဲ့ကို တာဝန်ပေးအပ်ခဲ့သည်။ အဖွဲ့ကို တာဝန်ပေးချိန်သည် ဒုတိယကမ္ဘာစစ် မြန်မာပြည်သို့ကူးစက်လာချိန်ဖြစ်၍ အဖွဲ့အနေဖြင့် ရည်ရွယ်ချက်ပါ လုပ်ငန်းများကို လုပ်ဆောင်နိုင်ခြင်းမရှိခဲ့ကြောင်း တွေ့ရသည်။ ယခင်အိန္ဒိယ အစိုးရက ၁၉၃၈

ခုနှစ်တွင် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သော ဆန်အုပ်ချုပ်ရေးအဖွဲ့သည် ၁၉၂၀ ခုနှစ်တွင် ဖျက်သိမ်းခဲ့ပြီး ဖြစ်သည်။

**လယ်ယာစိုက်ပျိုးရေးစီမံကိန်းအဖွဲ့ ( Agricultural Project Board–APB)**

၅။ ၁၉၄၅ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်နေ့တွင် မြန်မာအစိုးရလယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်စီးပွားရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအရ ဆန်စပါးလုပ်ငန်းများကို လုပ်ကိုင်ရန် လယ်ယာစိုက်ပျိုးရေးစီမံကိန်းအဖွဲ့ (Agricultural Project Board) ကို ဖွဲ့စည်းခဲ့သည်။ အဆိုပါ အဖွဲ့ကို လယ်ယာစိုက်ပျိုးမှုပြန်လည်ထူထောင်ရေးမင်းကြီး အက်ဖ်ဒီအိုဒယ်က ဥက္ကဋ္ဌအဖြစ် တာဝန်ယူပြီး အစိုးရဌာနကိုယ်စားလှယ်အရာရှိ (၃)ဦးနှင့် အစိုးရအရာရှိမဟုတ်သူ (၄)ဦးတို့ကို ဘုရင်ခံက ခန့်အပ်ရန်ဖြစ်သည်။ လယ်ယာစိုက်ပျိုးရေးစီမံကိန်းအဖွဲ့၏ အဓိကလုပ်ငန်းတာဝန် များမှာ မြန်မာနိုင်ငံ၏ ကောက်ပဲသီးနှံကုန်ပစ္စည်းထုတ်လုပ်ခြင်းကို ကြီးကြပ်ကွပ်ကဲရန်နှင့် ကြိတ်ခွဲခြင်း၊ ပြုပြင်မွမ်းမံခြင်းနှင့် ရောင်းဝယ်ခြင်းလုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲ၍ စီမံ ခန့်ခွဲရန် ဖြစ်ပါသည်။

၆။ လယ်ယာစိုက်ပျိုးရေးစီမံကိန်းအဖွဲ့သည် ၁၉၄၆ ခုနှစ်တွင် ဆန်တန်ချိန် ၄၁၃,၀၀၀ ကို ဝယ်ယူရန်အတွက် အဝယ်တော်ကိုယ်စားလှယ် (Agencies) အလိုက် ခွဲဝေရာတွင် အင်္ဂလိပ် ဘားမားကုမ္ပဏီအား ၅၀ ရာခိုင်နှုန်း၊ စတီးဘရားသားအား ၃၀ ရာခိုင်နှုန်း၊ ဘားမားအင်ဒိုသီဟို ကော်ပိုရေးရှင်းအား ၁၀ ရာခိုင်နှုန်းဖြင့် ခွဲဝေပေးခဲ့ပြီး မြန်မာကိုယ်စားလှယ်များလီမိတက်အား ၁၀ ရာခိုင်နှုန်းနှင့် ရခိုင်ပြည်နယ်အဖွဲ့က တိုက်ရိုက်ဝယ်ယူရန် ၃ ရာခိုင်နှုန်းသာ ခွဲဝေပေးခဲ့သဖြင့် မြန်မာတိုင်းရင်းသားများက မကျေမနပ်ဖြစ်၍ သတင်းစာများ၊ လူမှုအဖွဲ့အစည်းများမှတစ်ဆင့် ဝေဖန်ပြစ်တင်ခဲ့ကြသည်။ ထိုအချိန်တွင် ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သော ဖဆပလအဖွဲ့ ကိုယ်စားလှယ်များက ဘုရင်ခံ၏ အလုပ်အမှုဆောင်အဖွဲ့တွင် ပါဝင်လာချိန်ဖြစ်၍ မြန်မာဆန်စပါး အဝယ်တော်များကို ဦးစားပေးရန် ဆုံးဖြတ်ခဲ့သောကြောင့် လယ်ယာစိုက်ပျိုးရေးအဖွဲ့ဥက္ကဋ္ဌဖြစ်သူ မစ္စတာအက်ဒီအိုဒယ် ရာထူးမှ နုတ်ထွက်သွားသဖြင့် APB အဖွဲ့ကို ပြန်လည်ဖွဲ့စည်းခဲ့ရသည်။

၇။ ဘုရင်ခံအလုပ်အမှုဆောင်အဖွဲ့သည် APB အဖွဲ့သစ်၏ လုပ်ငန်းတာဝန်များကို အောက်ပါ အတိုင်း သတ်မှတ်ပေးခဲ့သည်–

(က) ကိုယ်စားလှယ်များ ခန့်ထားရာတွင် ငွေအင်အားနည်းသော စီးပွားရေးအဖွဲ့များ လုပ်ကိုင်နိုင်အောင် စီစဉ်ရန်၊

(ခ) မြန်မာတိုင်းရင်းသားများ ပါဝင်သော စီးပွားရေးအဖွဲ့များကို ဦးစားပေး၍ ကိုယ်စားလှယ်အဖြစ် ခန့်ထားရန်၊

(ဂ) မြန်မာတိုင်းရင်းသားအဖွဲ့များကို ခန့်ထားပြီးနောက် ကျန်ရှိသော လုပ်ငန်းများ အတွက်သာ နိုင်ငံခြားသားအဖွဲ့အစည်းများကို ခန့်ထားရန်။

**ဆန်စပါးအဝယ်တော်ကိုယ်စားလှယ်များ( Paddy Rice Procurement Agencies)**

၈။ ထိုစဉ်က လယ်ယာစိုက်ပျိုးရေးနှင့်ကျေးလက်စီးပွားရေးဝန်ကြီးဌာနသည် ၁၉၄၇ ခုနှစ်၊ ဒီဇင်ဘာလ၊ ၅ ရက်နေ့တွင် ဇုန်အလိုက်၊ ကိုယ်စားလှယ် အဖွဲ့အစည်းအလိုက် ဝယ်ယူရမည့် တန်ချိန်တို့ကို ခွဲဝေချထားပေးခဲ့သည်။ အဆိုပါခွဲဝေချထားပေးမှုတွင် အစိုးရမှ ဆောင်ရွက်ရမည့် ဒေသများ၊ သမဝါယမအသင်း (၃) သင်းမှ ဝယ်ယူရမည့်ဒေသများ၊ မြန်မာ့ ဆန်စပါးရောင်းဝယ်ရေး ကုမ္ပဏီ (၁၉) ခု၊ တရုတ်ဆန်ရောင်းဝယ်ရေး ကုမ္ပဏီ (၁) ခု၊ အိန္ဒိယဆန်ရောင်းဝယ်ရေးကုမ္ပဏီနှင့် ဥရောပဆန်ရောင်းဝယ်ရေးကုမ္ပဏီ (၂) ခုမှ ဝယ်ယူရမည့် ဒေသများနှင့် တန်ချိန်များကို သတ်မှတ်ပေးခဲ့သည်။

၉။ အဝယ်တော်ကိုယ်စားလှယ်များ၏ အဓိကတာဝန်များမှာ APB အဖွဲ့၏ညွှန်ကြားချက်နှင့် အညီစပါးများ ဝယ်ယူခြင်း၊ ကြိတ်ခွဲခြင်း၊ ဆန်တင်ပို့ခြင်း တို့ဖြစ်ပါသည်။ အဝယ်ကိုယ်စားလှယ်များသည် မိမိတို့တာဝန်ယူရသော ဇုန်နယ်မြေအတွင်း၌ ဆန်စပါးထွက်ရှိမှုအခြေအနေ၊ စားသုံးသူ အခြေအနေ၊ စပါးဈေးနှုန်း၊ ဆန်ဈေးနှုန်း၊ ဆန်စပါးရောင်းဝယ်မှုနှင့်ပတ်သက်၍ အခါအားလျော်စွာ ဖြစ်ပေါ်သောအခြေအနေများနှင့် ကုန်ပစ္စည်းလက်ကျန်ရှင်းတမ်း၊ ငွေစာရင်းရှင်းတမ်းများကို APB အဖွဲ့သို့ ပေးပို့ရသည်။ အဝယ်တော်ကိုယ်စားလှယ်များသည် လစာစနစ်ဖြင့် ခံစားခြင်းမရှိပဲ လယ်ယာစိုက်ပျိုးရေး စီမံကိန်းအဖွဲ့က ခွင့်ပြုသတ်မှတ်သည့် ကော်မရှင်နှုန်းထားများအရ ခံစားခွင့်ရှိသည်။

**လန်ဒန် ဆန်ပွဲစားများအသင်း (London Rice Broker Association)**

၁၀။ ဘူလင်ဂျာပူးလ်သည် လန်ဒန်ပွဲစားများအသင်းမှတဆင့် ဥရောပဆန်ဈေးကွက်ကို ထိန်းထားခဲ့ပြီး၊ လက်ဝါးကြီးအုပ်ထားနိုင်သည့် အဆင့်ရှိခဲ့သည်။ ဂျာမနီနိုင်ငံနှင့် ဗြိတိန်နိုင်ငံဈေးကွက်များ၌ မြန်မာဆန်အရောင်းအဝယ်ပြုလုပ်သမျှသည် လန်ဒန်ဆန်ပွဲစားအသင်းဝင်များက တစ်ဆင့်သာ ပြုလုပ်ကြပြီး၊ အဆိုပါဆန်ပွဲစားများကို ဆက်သွယ်လိုလျှင် မြန်မာနိုင်ငံရှိ ဥရောပတိုက်သား ဆန်ကုန်သည်များက တစ်ဆင့်သာ ဆက်သွယ်ခွင့်ပြုထားခဲ့သည်။ ဤစည်းကမ်းချက်ကို ချိုးဖောက်သော ဆန်ပွဲစားများအား ဘူလင်ဂျာပူးလ်က အဆက်အသွယ် အရောင်းအဝယ်မလုပ်ပဲ သပိတ်မှောက်သည်။ ဥပမာအားဖြင့် ဂျာမနီနိုင်ငံသည် ၁၉၂၈ ခုနှစ်တွင် မြန်မာဆန်များကို လန်ဒန် ဆန်ပွဲစားများမှတစ်ဆင့် ဝယ်ယူခြင်းမပြုပဲ တိုက်ရိုက်ဝယ်ယူခဲ့ရာ ဂျာမန်နှင့် ဆန်အရောင်းအဝယ် တိုက်ရိုက်ပြုလုပ်ခဲ့သော ဆန်ကုမ္ပဏီကြီး ၂ ခုသည် ဆန်အရောင်းအဝယ်လုပ်ငန်းကို စွန့်လွှတ်

ခဲ့ရသည်အထိ ဖြစ်ခဲ့သဖြင့် နောင်တွင် ဂျာမန်ဆန်ဝယ်ယူသူများသည် ဘူလင်ဂျာပူးလ်အဖွဲ့ဝင် စတီးဘရားသားကုမ္ပဏီနှင့်သာ အရောင်းအဝယ် ဆောင်ရွက်ခဲ့ရသည်။ ဘူလင်ဂျာပူးလ်ကိုကျော်၍ ဥရောပဈေးကွက်သို့ ရောင်းချရန် ကြိုးပမ်းသည့် အခြားဆန်ကုမ္ပဏီများလည်း လုပ်ငန်းပိတ်သိမ်းခဲ့ရသည်အထိ ဆုံးရှုံးမှုများ ဖြစ်ခဲ့ရသည်။

## မြန်မာနိုင်ငံဆန်ကုန်သည်ကြီးများအသင်း (၁၉၂၁-၁၉၄၀)

၁၁။ မြန်မာနိုင်ငံဆန်ကုန်သည်ကြီးများအသင်းတွင် မြန်မာ၊ အိန္ဒိယ၊ တရုတ်လူမျိုး ဆန်စက်ပိုင်ရှင်များနှင့် ပြည်ပသို့ ဆန်နှင့်ဆန်ထွက်ပစ္စည်းများ တင်ပို့သည့် အိန္ဒိယ ဆန်ကုန်သည်ကြီးများသာ အသင်းသားအဖြစ် ပါဝင်ပြီး ဥရောပသား ဆန်ရောင်းဝယ်ရေးကုမ္ပဏီကြီးများနှင့် ဆန်စက်ပိုင်ရှင်များ ပါဝင်ခြင်းမရှိသည်ကို လေ့လာသိရှိပါသည်။ အသင်း၏ ရည်မှန်းချက်များထဲတွင် အသင်းသားများ၏ ဆန်စပါးရောင်းဝယ်ရေးလုပ်ငန်းတွင် တွေ့ကြုံရသည့် အဟန့်အတားများအား အကာအကွယ်ပေးရန် ပါဝင်ကြောင်းတွေ့ရပြီး၊ အသင်းဝင်များအကြား အပြန်အလှန် ဆန်အရောင်းအဝယ် ပြုလုပ်ရာတွင် အသုံးပြုမည့် စာချုပ် ပုံစံများကို ရေးဆွဲသတ်မှတ်ပေးခဲ့ပြီး အရောင်းအဝယ် အငြင်းပွားမှုများကို ခုံသမာဓိအဖြစ် ဖြေရှင်းပေးခြင်းနှင့် ဆန်နှင့်ဆန်ထွက်ပစ္စည်းများ၏ အရည်အသွေးများကိုလည်း သတ်မှတ်ပေးခဲ့သည်။

## ရန်ကုန် ဆန်ပွဲစားများအသင်း

၁၂။ မော်ရစ်ဆန်ကုမ္ပဏီ(Morrisson Company) နှင့် အိန္ဒိယလူမျိုး ဆန်ပွဲစား ၁၅ ဦးခန့် စုပေါင်းဖွဲ့စည်းထားသောအသင်းဖြစ်သည်။ ဥရောပဆန်ကုမ္ပဏီကြီးများသည် မြန်မာနိုင်ငံ ဆန်ကုန်သည်ကြီး များအသင်းဝင်များထဲမှဖြစ်စေ၊ အသင်းဝင်မဟုတ်သော အခြားကုန်သည်များထဲမှဖြစ်စေ၊ ဆန်နှင့်ဆန်ထွက်ပစ္စည်းများ ဝယ်ယူရာတွင် ရန်ကုန်ဆန်ပွဲစားအသင်းဝင် ဆန်ပွဲစားများအား အဝယ်တော်အဖြစ် ဆောင်ရွက်စေပါသည်။ ရန်ကုန်ဆန်ပွဲစားအသင်းဝင်များသည် ပြည်တွင်းပြည်ပဆန်အရောင်းအဝယ်အတွက် ပွဲစားအဖြစ် ဆောင်ရွက်ခြင်း၊ အရောင်းအဝယ် ပြုလုပ်သော ဆန်နှင့်ဆန်ထွက်ပစ္စည်းတို့၏ အရည်အသွေး Specification နှင့်စပ်လျဉ်း၍ ရောင်းသူ/ဝယ်သူ အငြင်းပွားမှုများကို ဖြေရှင်းပေးခြင်း၊ နိုင်ငံခြားသို့ တင်ပို့ရောင်းချသော ဆန်နှင့် ဆန်ထွက်ပစ္စည်းများကို စစ်ဆေးခြင်းနှင့် အလေးချိန်၊ အရေအတွက်၊ အမျိုးအစားတို့ကို ဖော်ပြသော ကုန်ပစ္စည်းစစ်ဆေးသည့် လက်မှတ် (Survey Certificates) ကို အသင်းသားတစ်ဦးချင်းစီဖြစ်စေ၊ အသင်းကိုဖြစ်စေ ထုတ်ပေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

**နိုင်ငံတော်ကောက်ပဲသီးနှံဝယ်ယူရေးအဖွဲ့ (SAMB)**

၁၃။ မြန်မာနိုင်ငံအစိုးရ လယ်ယာစိုက်ပျိုးရေးနှင့်ကျေးလက်စီးပွားရေးဝန်ကြီးဌာန၏ ၁၉၄၇ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်စွဲပါ အမိန့်ကြော်ငြာစာဖြင့် မြန်မာလယ်ယာ ထွက်ကုန်များ စီမံကွပ်ကဲခြင်း၊ ရောင်းဝယ်ဖောက်ကားမှုနှင့် ကြိတ်ခွဲမွမ်းမံမှုလုပ်ငန်းတို့ကို မြှင့်တင်ဆောင်ရွက်နိုင်ရန် နိုင်ငံတော်ကောက်ပဲသီးနှံဝယ်ယူရေးအဖွဲ့ (State Agricultural Marketing Board) ကို ဖွဲ့စည်းခဲ့သည်။ ဤအဖွဲ့သည် ၁၉၄၅ ခုနှစ်က ဖွဲ့စည်းခဲ့သည့် လယ်ယာစိုက်ပျိုးရေးစီမံကိန်း အဖွဲ့၏ လုပ်ငန်းတာဝန်များကို ပိုမိုကျယ်ပြန့်စွာဆောင်ရွက်နိုင်ရန် အစားထိုးဖွဲ့စည်းခြင်း ဖြစ်ပါသည်။ အဖွဲ့တွင် အစိုးရအရာရှိ ၅ ဦး နှင့် ဘုရင်ခံခန့်သည့် အစိုးရအရာရှိမဟုတ်သူ ၅ ဦး ပါဝင်ပါသည်။ မြန်မာနိုင်ငံလွတ်လပ်ရေးရရှိပြီးနောက် မြန်မာနိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်း ဖြစ်သော ဆန်စပါးနှင့် အခြားကောက်ပဲသီးနှံရောင်းဝယ်ရေးလုပ်ငန်းများ ပိုမိုတိုးတက်ကောင်းမွန် စေရေးအတွက် နည်းလမ်းများရှာဖွေလုပ်ဆောင်နိုင်ရန် ရည်ရွယ်၍ ၁၉၄၉ ခုနှစ်တွင် ကောက်ပဲ သီးနှံရောင်းဝယ်ရေး ကော်မရှင်တစ်ရပ်ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီး ကော်မရှင်၏ စုံစမ်း လေ့လာထောက်ခံတင်ပြချက်အရ ၁၉၅၀ ခုနှစ်တွင် "နိုင်ငံတော်ကောက်ပဲသီးနှံရောင်းဝယ်ရေး အဖွဲ့အက်ဥပဒေ" ပြဋ္ဌာန်းခဲ့ပါသည်။ အဆိုပါဥပဒေအရ လယ်ယာစိုက်ပျိုးရေးနှင့်သစ်တောဝန်ကြီး ဌာနသည် နိုင်ငံတော်ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့အား ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာန လက်အောက်သို့ ၂၅-၄-၁၉၅၂ နေ့ တွင် လွှဲပြောင်းပေးခဲ့သည်။

၁၄။ အထက်တွင် တင်ပြခဲ့သည့်အတိုင်း ကိုလိုနီခေတ် မြန်မာ့ဆန်စပါးလုပ်ငန်းနယ်ပယ်တွင် Supply Chain တစ်လျှောက် အဓိကဦးဆောင်ဦးရွက်ပြုခဲ့သည့် အဖွဲ့အစည်းများရှိခဲ့သည်ကို တွေ့ရပေသည်။ ဘူလင်ဂျာပူးလ်ကဲ့သို့ ဥရောပသားများကြီးစိုးသည့် ကုမ္ပဏီများ ၊ ဆန်အုပ်ချုပ်ရေး အဖွဲ့ (၁၉၁၈-၂၀)ကဲ့သို့သော အဖွဲ့အစည်းများ၊ လန်ဒန်ဆန်ပွဲစားများအသင်းနှင့် ရန်ကုန် ဆန်ပွဲစားများအသင်းတို့ကဲ့သို့သော နိုင်ငံခြားသားကျောထောက်နောက်ခံ ပွဲစားအသင်းများက မြန်မာ့ဆန်စပါး ပြည်တွင်းပြည်ပဈေးကွက်အား ၎င်းတို့အလိုကျ ခြယ်လှယ်ခဲ့ကြပြီး မြန်မာ တိုင်းရင်းသားလုပ်ငန်းရှင်များအား စီးပွားရေးအခွင့်အလမ်းများမရရှိအောင် နည်းလမ်းပေါင်းစုံဖြင့် ပိတ်ပင်တားဆီးခဲ့သည်ကို တွေ့ရပါသည်။ **ဒုတိယကမ္ဘာစစ်အပြီး လွတ်လပ်ရေးအကြိုကာလ ဘုရင်ခံ၏အုပ်ချုပ်မှုကောင်စီတွင် ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သည့် မြန်မာလူမျိုးများ ပါဝင် လာချိန်မှသာလျှင် မြန်မာလယ်သမားများ လယ်ယာမြေပိုင်ဆိုင်မှု မျှမျှတတဖြစ်စေရေး ၊ ပြည်တွင်း ဝယ်ယူမှုနှင့် ပြည်ပတင်ပို့သည့် လုပ်ငန်းများတွင် မြန်မာ့ဆန်စပါးလုပ်ငန်းရှင်များ၏ မျှတသော အခွင့်အရေး များရရှိအောင် တောင်းဆိုဖန်တီးခွင့်ရခဲ့သည်ကို တွေ့ရပါသည်။**

အပိုင်း(၅)

## လယ်ယာစိုက်ပျိုးစရိတ်အတွက်ဘဏ္ဍာငွေပံ့ပိုးမှု

## Agriculture Financing

၁။ ကိုလိုနီခေတ်တွင် တောင်သူလယ်သမားများအား လယ်လုပ်စရိတ် ထုတ်ချေးသော ဌာန အမျိုးမျိုး၊ ပုဂ္ဂိုလ်အမျိုးမျိုး ပေါ်ပေါက်ခဲ့သည်။ ဗြိတိသျှအစိုးရအနေဖြင့်လည်း ၁၈၈၃ ခုနှစ်၊ မြေယာဖွံ့ဖြိုးရေးအမတော်ဥပဒေ (Land Improvement Loans Act 1883) နှင့် ၁၈၈၄ ခုနှစ် လယ်ယာစိုက်ပျိုးရေးအမတော်ဥပဒေ (The Agriculturist Loans Act 1884) တို့အရ ငွေကြေး ချေးငှားမှုများ ရှိခဲ့သည်။ အချို့အရပ်ဒေသများတွင် သမဝါယမအသင်းများက ထုတ်ချေးမှုများ ရှိခဲ့သည်။ မြစ်ဝကျွန်းပေါ်ဒေသတွင် ဒေါ်ဆင်ဘဏ်ကလည်း ငွေထုတ်ချေးသည်။ အစိုးရ အစီအစဉ်ဖြင့်ပေးသောချေးငွေများဖြင့် မလုံလောက်၍ တောင်သူလယ်သမားများသည် ပုဂ္ဂလိက ငွေချေးသူ မြန်မာ၊ တရုတ်နှင့် ကုလားလူမျိုးတို့ထံမှ ငွေချေးငှားမှုများရှိခဲ့သည်။ အထူးသဖြင့် မြန်မာလယ်လုပ်စရိတ်ချေးငွေ စုစုပေါင်း၏ ထက်ဝက်ကျော်ကို ချစ်တီးများက ထုတ်ချေးခဲ့သည်။ စစ်တွေခရိုင်တွင် ရခိုင်အမျိုးသားအစုစပ် ဘဏ်ပေါင်း(၇)ခုကလည်း ငွေများချေးငှားခဲ့သည်။

**ဇယား-၅။ မြေယာဖွံ့ဖြိုးရေး အက်ဥပဒေ(၁၈၈၃)အရ အမတော်ငွေထုတ်ချေးမှုအခြေအနေ** ၁/

(ကျပ်ထောင်ပေါင်း)

| စဉ် | ခုနှစ် | ချေးငွေပမာဏ |
|---|---|---|
| ၁ | ၁၉၀၄-၁၉၀၅ | ၂ |
| ၂ | ၁၉၀၅-၁၉၀၆ | ၄ |
| ၃ | ၁၉၁၀-၁၉၁၁ | ၁၀ |
| ၄ | ၁၉၁၅-၁၉၁၆ | ၅ |
| ၅ | ၁၉၁၆-၁၉၁၇ | ၁၅ |
| ၆ | ၁၉၁၇-၁၉၁၈ | ၁၃ |
| ၇ | ၁၉၁၈-၁၉၁၉ | ၇ |
| ၈ | ၁၉၁၉-၁၉၂၀ | ၄ |
| ၉ | ၁၉၂၀-၁၉၂၁ | ၃၈ |
| ၁၀ | ၁၉၂၁-၁၉၂၂ | ၂၆ |
| ၁၁ | ၁၉၂၂-၁၉၂၃ | ၆၀ |
| ၁၂ | ၁၉၂၃-၁၉၂၄ | ၂၄၆ |
| ၁၃ | ၁၉၂၄-၁၉၂၅ | ၂၁ |
| ၁၄ | ၁၉၃၀-၁၉၃၁ | ၆ |

၁/ မြန်မာနိုင်ငံစပါးစိုက်ပျိုးထုတ်လုပ်ရောင်းချမှု- ၁၉၈၇ (စာ-၂၁၉)

| စဉ် | ခုနှစ် | ချေးငွေပမာဏ |
|---|---|---|
| ၁၅ | ၁၉၃၁-၁၉၃၂ | ၁၁ |
| ၁၆ | ၁၉၃၂-၁၉၃၃ | ၂ |
| ၁၇ | ၁၉၃၃-၁၉၃၄ | ၂ |
| ၁၈ | ၁၉၃၄-၁၉၃၅ | ၁ |
| ၁၉ | ၁၉၃၅-၁၉၃၆ | ၅ |
| ၂၀ | ၁၉၃၆-၁၉၃၇ | - |
| ၂၁ | ၁၉၃၇-၁၉၃၈ | ၂ |
| ၂၂ | ၁၉၃၈-၁၉၃၉ | ၂ |

၂။ လယ်ယာဖွံ့ဖြိုးရေးအမတော်ဥပဒေအရ ချေးငွေထုတ်ပေးခဲ့ခြင်းမှာ ရေလွှမ်းမိုးသောဒေသများတွင် ဆည်ဖို့ခြင်း၊ ရေနုတ်မြောင်းတူးခြင်း စသည့်လယ်ယာဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ဖြစ်ပြီး နှစ်ရှည်ချေးငွေဖြစ်၍ ချေးငွေကာလမှာ (၃၅)နှစ်ဖြစ်သည်။ တောင်သူလယ်သမားများ ပေးရသည့် အတိုးနှုန်းမှာ ၁၀% သတ်မှတ်ထားသော်လည်း ၁၉၂၆ ခုနှစ်အထိတိုင်အောင် ၆ ဒသမ ၂၅ ရာခိုင်နှုန်းအတိုးသာ ပေးရသည်။ ချေးငွေချေးရာတွင် အာမခံပစ္စည်းလုံလောက်မှု၊ မြေယာကို ပြုပြင်မည့် အစီအစဉ်သည် သင့်လျော်၊ အကျိုးရှိမှု အခြေအနေတို့အပေါ် မူတည်၍ စိစစ်ပြီးမှ ချေးငှားခဲ့သည်။ ထိုသို့စိစစ်မှုအချိန်ကြာမြင့်ခြင်း၊ ချေးငွေပမာဏမှာလည်း အလွန်နည်းပါးခြင်း တို့ကြောင့် အကျိုးဖြစ်ထွန်းမှု၊ ထိရောက်မှု အားနည်းခဲ့သည်။

**ဇယား-၆။ စိုက်ပျိုးရေးအမတော်ဥပဒေအရ ငွေထုတ်ချေးမှုပြဇယား ၂/**

(ကျပ်ထောင်ပေါင်း)

| စဉ် | ခုနှစ် | ချေးငွေပမာဏ |
|---|---|---|
| ၁ | ၁၉၀၀-၁၉၀၁ | ၁၁၁ |
| ၂ | ၁၉၀၅-၁၉၀၆ | ၆၇၆ |
| ၃ | ၁၉၁၀-၁၉၁၁ | ၉၁၈ |
| ၄ | ၁၉၁၅-၁၉၁၆ | ၁၂၉၉ |
| ၅ | ၁၉၁၆-၁၉၁၇ | ၁၂၅၅ |
| ၆ | ၁၉၁၇-၁၉၁၈ | ၉၂၄ |
| ၇ | ၁၉၁၈-၁၉၁၉ | ၁၂၈၃ |
| ၈ | ၁၉၁၉-၁၉၂၀ | ၁၁၉၁ |
| ၉ | ၁၉၂၀-၁၉၂၁ | ၃၁၆၁ |
| ၁၀ | ၁၉၂၁-၁၉၂၂ | ၁၄၈၇၇ |

၂/ မြန်မာနိုင်ငံစပါးစိုက်ပျိုးထုတ်လုပ်ရောင်းချမှု- ၁၉၈၇ (စာ-၂၂၀)

| စဉ် | ခုနှစ် | ချေးငွေပမာဏ |
|---|---|---|
| ၁၁ | ၁၉၂၂-၁၉၂၃ | ၁၅၂၁ |
| ၁၂ | ၁၉၂၃-၁၉၂၄ | ၂၂၀၆ |
| ၁၃ | ၁၉၂၄-၁၉၂၅ | ၂၄၂၂ |
| ၁၄ | ၁၉၃၀-၁၉၃၁ | ၉၅၅ |
| ၁၅ | ၁၉၃၁-၁၉၃၂ | ၄၅၉၂ |
| ၁၆ | ၁၉၃၂-၁၉၃၃ | ၁၅၉၄ |
| ၁၇ | ၁၉၃၃-၁၉၃၄ | ၈၅၄ |
| ၁၈ | ၁၉၃၄-၁၉၃၅ | ၃၉၄ |
| ၁၉ | ၁၉၃၅-၁၉၃၆ | ၃၆၀ |
| ၂၀ | ၁၉၃၆-၁၉၃၇ | ၄၈၀ |

၃။ စိုက်ပျိုးရေးအမတော်ချေးငွေကို ဥပဒေနှင့်အညီ လယ်ယာမြေပိုင်ဆိုင်သူများအပြင် လယ်ယာလုပ်ကိုင်သူများအနေဖြင့် လိုအပ်သည့် မျိုးစပါးနှင့် ကျွဲ/နွားများ ဝယ်ယူရန်နှင့် အခြား စိုက်ပျိုးရေးလုပ်ငန်းများတွင် သုံးစွဲရန်အတွက် ချေးငှားနိုင်သည်။ အတိုးနှုန်းသက်သာ၍ ချေးငွေကို (၂)နှစ်၊ (၃)နှစ်အတွင်း အတိုးနှင့်တကွ အရစ်ကျ ပြန်ဆပ်ခွင့်ရှိသည်။ ကိုလိုနီခေတ် တောင်သူ လယ်သမားများအတွက် အစိုးရက ထုတ်ချေးသော အမတော်ကြေးများသည် အခြား ပုဂ္ဂလိကမှ ချေးငွေများထက် အတိုးနှုန်း ၁၀ ရာခိုင်နှုန်းခန့် သက်သာမှုရှိသော်လည်း အမတော်ကြေးဥပဒေ အရ လုပ်ထုံးလုပ်နည်းများပြားခြင်း၊ တင်းကြပ်လွန်းခြင်းတို့ကြောင့် ငွေချေးငှားရန် အချိန်ကြာခြင်း၊ မြို့နယ်ရုံးသို့ အကြိမ်ကြိမ်သွား၍ လျှောက်လွှာတင်ရသော်လည်း ချေးငွေ ရ/မရ မသေချာခြင်း၊ ချေးငွေအာမခံပေးရသည့် မိမိပိုင်ပစ္စည်းများအတွက်လည်း ခိုင်လုံသောသက်သေများ တင်ပြရခြင်း တို့အပြင် သက်ဆိုင်ရာ မြို့နယ်ရုံးမှစာရေးများအား ကျေနပ်အောင်ပြုစုရခြင်း၊ အမတော်ကြေး ရလျှင်လည်း ရွာသူကြီး၏ ထောက်ခံချက်ရယူရခြင်းတို့ကြောင့် လက်တွေ့တွင် တောင်သူ လယ်သမားများအတွက် အခက်အခဲများ ရှိခဲ့ကြသည်။ ထို့အပြင် အစိုးရအမတော်ကြေး ရယူ ထားသူများကို ပုဂ္ဂလိက ငွေချေးသူများက ထပ်မံငွေချေးခြင်းမပြုကြသောကြောင့် လယ်သမားများ အနေဖြင့် အစိုးရထံမှလည်း လုံလောက်စွာ မရသည့်အပြင် အခြားမှလည်း ထပ်မံချေး၍ မရသည့်အတွက် အခက်အခဲများစွာဖြင့် ရင်ဆိုင်ခဲ့ကြရသည်။

၄။ အစိုးရအမတော်ကြေးကို ရယူထားသော လယ်သမားများအနေဖြင့် ပြန်ဆပ်ရမည့်ကာလကို တိကျစွာ ပြန်ဆပ်ရသကဲ့သို့၊ အမတော်ကြေးပြန်ဆပ်ရန် ပျက်ကွက်လျှင်လည်း ပြင်းထန်စွာ အရေးယူခံရသည်။ ကိုလိုနီခေတ်ကာလ မြို့အုပ်များသည် ဒုက္ခမခံချင်၊ မစွန့်စားချင်သောကြောင့်

ခိုင်လုံသော အာမခံကြေးရှိသည့် မြေရှင်များနှင့် ချမ်းသာသော လယ်သမားကိုသာ ဦးစားပေး ထုတ်ချေးကြပြီး ဥပဒေ၏ ရည်ရွယ်ချက်အရ အမှန်ထုတ်ချေးသင့်သော ဆင်းရဲသည့် တောင်သူများမှာ ချေးငွေရရှိရန် အခက်အခဲများနှင့် ကြုံခဲ့ရပါသည်။

**ချစ်တီးချေးငွေလုပ်ငန်း**

၅။ အင်္ဂလိပ်အစိုးရ၏ မူဝါဒအရ လယ်ယာမြေများကို တိုးချဲ့လုပ်ကိုင်ရန် ထုတ်လုပ်မှုမြှင့်တင်ခဲ့သဖြင့် လယ်လုပ်သူများ တိုးတက်များပြားလာခဲ့သော်လည်း လယ်စိုက်ပျိုးစရိတ် လိုအပ်သလောက်ကို အစိုးရကသော်လည်းကောင်း၊ မြန်မာငွေရှင်ကြေးရှင်များကသော်လည်းကောင်း လုံလောက်အောင် ချေးငှားနိုင်ခြင်း မရှိခဲ့သဖြင့် အိန္ဒိယပိုင် မဒရပ်ပြည်နယ်မှ ချစ်တီးလူမျိုးများသည် ငွေတိုးချေးလုပ်ငန်းကို အဓိကထား၍ လုပ်ကိုင်ခဲ့ကြသည်။

၆။ ချစ်တီးလူမျိုးများသည် ၁၈၅၀ ပြည့်နှစ်ခန့်ကပင် မော်လမြိုင်ဘဏ်တွင် ရောက်ရှိနေခဲ့ပြီး ၁၈၅၂ ခုနှစ်တွင် ရန်ကုန်သို့ ရောက်ရှိလာကြကာ ငွေချေးလုပ်ငန်းကို စတင်လုပ်ကိုင်ခဲ့သည်။ ၁၈၆၉ ခုနှစ်နောက်ပိုင်းတွင် ချစ်တီးများ၏ ငွေတိုးချေးလုပ်ငန်းကို မြန်မာတစ်နိုင်ငံလုံးအနှံ့ တွင်တွင်ကျယ်ကျယ် လုပ်ကိုင်လာသည်ကို တွေ့ရသည်။ ၁၈၉၀ ခုနှစ်မှ ၁၈၉၄ ခုနှစ်အတွင်း မန္တလေး၊ မြင်းခြံ၊ မိတ္ထီလာနှင့် ရွှေဘိုမြို့များတွင် ချစ်တီးချေးငွေဆိုင်များ အသီးသီး ဖွင့်လှစ်ခဲ့ကြသည်။ ၁၉၀၁ ခုနှစ်တွင်မူ အထက်မြန်မာပြည်တစ်ဝန်းလုံးတွင် ချစ်တီးလူမျိုးများ အနှံ့အပြား ရောက်ရှိခဲ့ကြပြီး ၁၉၃၀ ခုနှစ်တွင်မူ မြန်မာတစ်နိုင်ငံလုံး ချစ်တီးငွေချေးလုပ်ငန်းနှင့် လုပ်ငန်းခွဲပေါင်းများစွာ အောက်ပါအတိုင်း ဖွင့်လှစ်ဆောင်ရွက်ခဲ့သည်ကို တွေ့ရပါသည်-

(က) ချစ်တီးငွေချေးအသင်းများအနက် အကြီးဆုံးအသင်းဖြစ်သည့် နတ္တုကောတိုင်း (Nattukautai) အသင်းသည် ရန်ကုန်နှင့် အခြားဒေသများတွင် ချေးငွေဌာနပေါင်း (၁၃၀၀)နီးပါး ဖွင့်လှစ်လုပ်ဆောင်ခဲ့သည်။

(ခ) ချစ်တီးနှင့်တမီးလ်လူမျိုးများအပါအဝင် ငွေချေးလုပ်ငန်းများသည် ရန်ကုန်မြို့အပါအဝင် မြို့ (၂၁၇)မြို့တွင် ဖွင့်လှစ်ခဲ့ပြီး အောက်မြန်မာပြည် (၁၅၅)မြို့၊ အထက်မြန်မာပြည် (၅၅)မြို့နှင့် ရှမ်းပြည်နယ် (၇)မြို့တို့တွင် ချေးငွေလုပ်ငန်း လုပ်ဆောင်ခဲ့သည်။

(ဂ) အဆိုပါ ချေးငွေလုပ်ငန်းများမှ ၁၉၃၀ ပြည့်နှစ်တွင် ထုတ်ချေးထားသော ငွေပမာဏမှာ ကျပ် (၇၅) ကုဋေခန့် ရှိနိုင်ပြီး ၁၉၄၀ တွင် စုစုပေါင်းထုတ်ချေးငွေမှာ ကျပ် ကုဋေ (၈၀) မှ (၁၀၀) ကျော်နီးပါးအထိ ရှိခဲ့သည်။

၇။ ချစ်တီးများ ငွေချေးရာတွင် လုံလောက်စိတ်ချရသော ပစ္စည်းများနှင့် မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အပေါင်ခံပြီးမှ ငွေချေးလေ့ရှိပြီး အတိုးနှုန်းမှာ ငွေကျပ် (၁၀၀)လျှင် တစ်နှစ် အတိုးငွေ (၁၅)ကျပ်မှ (၃၆)ကျပ်အထိဖြစ်စေ၊ ထိုထက်ပို၍ဖြစ်စေ အတိုးယူချေးကြသည်။ မြေယာများကို အပေါင်ခံရာ၌ ရေလွှမ်း၊ မိုးခေါင်တတ်သော သဘာဝဘေးအန္တရာယ် ကျရောက်တတ်သော လယ်များကို အပေါင်ခံ၍ ချေးငွေပေးလေ့မရှိပါ။ ချစ်တီးများသည် ၎င်းတို့ လိုအပ်သောငွေကြေးကို အိန္ဒိယမှ သယ်ယူလာသည့်အပြင် ရန်ကုန်မြို့ရှိ ဥရောပတိုက်သားပိုင်ဘဏ်များမှ တစ်နှစ်လျှင် ငွေ (၁၀၀)ကျပ်လျှင် (၁၀)ကျပ်မှ (၁၂)ကျပ်အထိ အတိုးပေး၍ ချေးယူကြသည်။

၈။ မြန်မာနိုင်ငံသည် ၁၉၂၁ ခုနှစ်မှ ၁၉၄၁ ခုနှစ်အတွင်း ကမ္ဘာပေါ်တွင် ဆန်အများဆုံးတင်ပို့ရောင်းချသည့်နိုင်ငံအဖြစ် ရပ်တည်နိုင်ခဲ့သော်လည်း မြန်မာလယ်သမားများမှာမူ ကြွေးတင်မှုကြောင့် လယ်ယာများကို လယ်မလုပ်သူများထံအကြွေးဖြင့် အပ်နှံရသည့်အခြေအနေသို့ ရောက်ရှိခဲ့သည်။ အကြောင်းအမျိုးမျိုးကြောင့် ဆန်စပါးဈေးများ ကျဆင်းခဲ့သည့်အခါ တောင်သူလယ်သမားများ၏ စားဝတ်နေရေးများ ကျပ်တည်းလာခဲ့ပြီး ၁၉၃၀ ပြည့်နှစ်မှ ၁၉၃၂ ခုနှစ်အထိ သာယာဝတီခရိုင်တွင် ဆရာစံခေါင်းဆောင်သော တောင်သူလယ်သမားများ အုံ့ကြွတော်လှန်ပုန်ကန်မှုဖြစ်ခဲ့သည်။

**တောင်သူလယ်သမား ကြီးပွားတိုးတက်ရေးရန်ပုံငွေ**

၉။ ကိုလိုနီခေတ်တွင် တစ်ပြည်လုံး အတိုင်းအတာနှင့် တောင်သူလယ်သမားများ၏ လယ်ယာ အသုံးစရိတ် လိုအပ်ငွေပမာဏမှာ ပျမ်းမျှအားဖြင့် ကျပ်သန်း (၅၀၀)မှ (၆၀၀) အတွင်းရှိပြီး အစိုးရမှ နှစ်စဉ်ချေးသည့် အမတော်ငွေမှာ (၃)သန်းဝန်းကျင်သာ ရှိပါသည်။ ထိုစဉ်က တောင်သူလယ်သမားကြီးပွားတိုးတက်ရေးရန်ပုံငွေဟူသော (၃၅)နှစ်အတွင်း ပြန်ဆပ်နိုင်သည့် အစိုးရထောက်ပံ့မှု အစီအစဉ်ရှိသော်လည်း လူသိနည်းခြင်း၊ ချေးငွေရရှိရန် စုံစမ်းစစ်ဆေးမှုမှာ ကြာမြင့်လွန်းသည့်အပြင် နှစ်စဉ်ချေးငွေပမာဏမှာလည်း ကျပ် (၂၀၀၀)ခန့်သာ ရှိခဲ့သည်။

၁၀။ ကိုလိုနီခေတ်တွင် မြန်မာနိုင်ငံသည် ကမ္ဘာ့ ဆန်တင်ပို့သည့် ထိပ်တန်းနိုင်ငံအဖြစ် ရောက်ရှိခဲ့သော်လည်း လယ်ယာစိုက်ပျိုးရေး ကဏ္ဍဖွံ့ဖြိုးရေးအတွက် အဓိက ထုတ်လုပ်သူတောင်သူလယ်သမားများအား လယ်ယာအမတော်ကြေး အပါအဝင် စိုက်ပျိုးထုတ်လုပ်မှုနှင့် သက်ဆိုင်သည့် ငွေကြေးထောက်ပံ့မှု (Agriculture Financing)ကို ဆောင်ရွက်ပေးရာ၌ မြေယာဖွံ့ဖြိုးရေးဥပဒေနှင့် စိုက်ပျိုးရေး အမတော်ကြေးဥပဒေများ ပြဋ္ဌာန်းထားသော်လည်း ဗျူရိုကရေစီ ကြိုးနီစနစ်များကျင့်သုံးခြင်း၊ အုပ်ချုပ်သူဝန်ထမ်းများ၏ တာဝန်ယူမှု တာဝန်ခံမှုမရှိခြင်းတို့အပြင် လုံလောက်သည့်ရန်ပုံငွေ ခွဲဝေချထားမှုမရှိခြင်းတို့ ကြုံတွေ့ခဲ့ရသည်။ တောင်သူလယ်သမားအများစုမှာ တိုင်းရင်းသား ငွေရှင်ကြေးရှင်များ အထူးသဖြင့် တစ်နိုင်ငံလုံးအနှံ့ ချေးငွေလုပ်ငန်း

ဖွင့်လှစ်လုပ်ကိုင်သည့် ချစ်တီးချေးငွေလုပ်ငန်းများ၏ မြင့်မားသော အတိုးနှုန်းများဖြင့်သာ ချေးယူလုပ်ကိုင်ဆောင်ရွက်ခဲ့ရသောကြောင့်လည်း အမှန်တကယ်စိုက်ပျိုးထုတ်လုပ်သည့် လယ်သမားများသည် ကြွေးတင် လယ်ဆုံးဘဝသို့ ရောက်ရှိခဲ့ရပြီး ဆန်အဓိက ထိပ်တန်းပို့ကုန်နိုင်ငံ၏ ဆန်စပါးကဏ္ဍဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်ကို မခံစားခဲ့ကြရပေ။

အပိုင်း (၆)

## ဆန်အရည်အသွေးထိန်းသိမ်းမြှင့်တင်ခြင်း

### ဆန်အကဲဖြတ်အဖွဲ့ဖွဲ့စည်းခြင်း

၁။ ၁၉၄၅ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်နေ့တွင် စစ်အုပ်ချုပ်ရေးအစိုးရထံမှ မြန်မာနိုင်ငံ အုပ်ချုပ်ရေးကို မြန်မာအစိုးရအား ပြန်လည်လွှဲပြောင်းခဲ့ပြီးနောက် လယ်ယာစိုက်ပျိုးရေးစီမံကိန်း အဖွဲ့ (APB) ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီးနောက် ဆန်စပါးရောင်းဝယ်မှုဆိုင်ရာကိစ္စများအား ၁၉၄၆ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် APB အဖွဲ့သို့ လွှဲပြောင်းပေးခဲ့သည်။ APB အဖွဲ့သည် စစ်အုပ်ချုပ်ရေးအဖွဲ့က တာဝန်ယူစဉ် ပြည်ပသို့ဆန်တင်ပို့ရောင်းချမှုနှင့်ပတ်သက်၍ ဆောင်ရွက်မှု များကို သုံးသပ်ခဲ့ရာ အောက်ပါအားနည်းချက်များကို တွေ့ရှိခဲ့ပါသည်–

(က) ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးစအချိန်အခါတွင်၊ ဆန်စားသုံးရန်မဖူလုံသောနိုင်ငံများတွင် ရိက္ခာပြဿနာများ ပေါ်ပေါက်လျက်ရှိခြင်း၊

(ခ) အထက်အပိုဒ်ခွဲ(က)တွင် ဖော်ပြသောနိုင်ငံများက မိမိတို့၏ ပြဿနာများကို အမြန်ဆုံးဖြေရှင်းနိုင်ရန် မြန်မာနိုင်ငံထွက် ဆန်များကို အလျင်စလို အလုအယက် ဝယ်ယူခြင်း၊

(ဂ) ထိုအချိန်အခါတွင် ဆန်၊ စပါး ရောင်းဝယ်မှုလုပ်ငန်းများအတွက် လိုအပ်သော ကျွမ်းကျင်သည့် ဝန်ထမ်းများအား အုပ်ချုပ်ရေးအဖွဲ့က ခန့်ထားရန် ဆန္ဒရှိသော်လည်း ကျွမ်းကျင်သည့်ဝန်ထမ်းများ ရှာဖွေရာတွင် အခက်အခဲများနှင့် ရင်ဆိုင်ရခြင်း၊

(ဃ) စပါး၊ ဆန်ရောင်းဝယ်မှုကိစ္စများတွင် လိုအပ်သည့်သယ်ယူပို့ဆောင်မှုများ လုံလောက်မှု မရှိခြင်း၊

(င) အထက်အပိုဒ်ခွဲ(ဃ)တွင် ဖော်ပြသော အချက်အလက်များအရ ကြိတ်ခွဲသော ဆန်အမျိုးအစားများကို ကြိတ်ခွဲရာတွင်သော်လည်းကောင်း၊ သက်ဆိုင်ရာ ဆိပ်ကမ်းမြို့ကြီးများသို့ တင်ပို့ရာတွင်သော်လည်းကောင်း၊ သင်္ဘောတင်ရာတွင် သော်လည်းကောင်း စီမံကွပ်ကဲခြင်းများကို တိတိကျကျဆောင်ရွက်နိုင်ခြင်းမရှိဘဲ ယေဘုယျသဘောအနေဖြင့်သာ ဆောင်ရွက်နိုင်ခြင်း၊

(စ) အထက်အပိုဒ်ခွဲ(င)တွင် ဖော်ပြခဲ့သော အားနည်းချက်များအရ မြန်မာနိုင်ငံ စစ်အုပ်ချုပ်ရေးအဖွဲ့က တင်ပို့ရောင်းချခဲ့သော ဆန်များသည် အရေအတွက် အနေဖြင့်သော်လည်းကောင်း၊ အရည်အချင်းအနေဖြင့်သော်လည်းကောင်း မှန်ကန်မှု ရှိရန် ခက်ခဲခြင်း။

၂။ အထက်ပါအခြေအနေများအရ APB အဖွဲ့သည် ၁၉၄၇ ခုနှစ်အတွင်း မြန်မာနိုင်ငံက တင်ပို့ရောင်းချသည့်ဆန်များ၏ အဆင့်အတန်းအား စစ်မဖြစ်ခင်ကာလက တင်ပို့ခဲ့သောဆန်များ၏ အဆင့်အတန်းအတိုင်း အမြန်ဆုံးရောက်ရှိအောင် ဆောင်ရွက်ခြင်းဖြင့် ဖောက်သည်နိုင်ငံများ၏ ယုံကြည်စိတ်ချရမှုကို ပိုမိုရရှိစေပြီး မိမိနိုင်ငံအတွက် ရေရှည်အကျိုးဖြစ်ထွန်းစေရန်အတွက်လည်းကောင်း၊ လက်ရှိဆောင်ရွက်နေသော အဝယ်တော်ကိုယ်စားလှယ်များက အတည်ပြုနမူနာများနှင့် မကိုက်၍ ဖြတ်တောက်နှုန်းထားဖြင့် ဝယ်ယူသည့်ကိစ္စရပ်များသည် တရားမျှတမှုရှိ/ မရှိ ကွပ်ကဲရန်အတွက်သော်လည်းကောင်း ရည်ရွယ်၍ ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့တွင် ဆန်အကဲဖြတ်အဖွဲ့ (Panels of Surveyors) အဖွဲ့များကို ဆန်အဓိကတင်ပို့သည့် ဆိပ်ကမ်းအလိုက် အောက်ပါအတိုင်း ဖွဲ့စည်းခန့်ထားခဲ့ပါသည်-

(က) ရန်ကုန်ဆိပ်ကမ်းအတွက် Mr. R. D Sacklat ပါဝင်သည့် (၁၂)ဦးအဖွဲ့

(ခ) ပုသိမ်ဆိပ်ကမ်းအတွက် U Aw Loo ပါဝင်သည့် (၃)ဦးအဖွဲ့

(ဂ) မော်လမြိုင်ဆိပ်ကမ်းအတွက် ဦးရင်စောအပါအဝင် (၃)ဦးအဖွဲ့

(ဃ) စစ်တွေဆိပ်ကမ်းအတွက် ဦးကျော်ဇံလှအပါအဝင် (၃)ဦးအဖွဲ့

၃။ ဆန်အကဲဖြတ်အဖွဲ့သည် တစ်ဦးချင်းအနေဖြင့် မဆုံးဖြတ်ဘဲ Collective Basic အရ စုပေါင်းတာဝန်ယူမှုဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး ခန့်ထားမှုမှာလည်း (၁)နှစ် (၁)ခါ Yearly Basic ဖြင့်သာ ခန့်ထားခဲ့ပါသည်။ အဖွဲ့ဝင်လူကြီးများအနေဖြင့် မိမိ၏ အကဲခတ်ခြင်းအတတ်ပညာဖြင့် APB အဖွဲ့အား လုပ်အားပေးရန် လိုအပ်ချက်အရ ဥဏ်ပူဇော်ခ တစ်တန်လျှင် ၄'(ပဲ) နှုန်း ခံစားခွင့်ပြုပါသည်။

**ဆန်အရည်အချင်းသတ်မှတ်ချက်များနှင့်ဖြတ်တောက်နှုန်းများသတ်မှတ်ခြင်း**

၄။ ၁၉၄၅ ခုနှစ်တွင် စစ်အုပ်ချုပ်ရေးအဖွဲ့က ဆန်စပါးရောင်းဝယ်ရေးလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်ခဲ့ရာတွင် ဆန်စက်ပိုင်ရှင်များ၊ ကြီးကြပ်ကွပ်ကဲသော ဝန်ထမ်းများအနေဖြင့် လိုက်နာရန် သတ်မှတ်ထားသော ဆန်အမျိုးအစားအလိုက် အရည်အချင်းသတ်မှတ်ချက်များနှင့် သက်ဆိုင်ရာ ဖြတ်တောက်နှုန်းများကို လုပ်ကိုင်ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိဘဲ ဆန်စပါးကျွမ်းကျင်မှုအပေါ် မူတည်၍ ကြိတ်ခွဲခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊ တင်ပို့ခြင်းလုပ်ငန်းများကို ဒေသအလိုက် "တစ်ကျောင်း တစ်ဂါထာ တစ်ရွာ တစ်ပုဒ်ဆန်း" ဆိုသလို ဆောင်ရွက်ခဲ့ကြပါသည်။ ဆန်စပါးလုပ်ငန်းကို လွှဲပြောင်းရယူခဲ့သည့် APB ကလည်း ၁၉၄၆ ခုနှစ် မကုန်ဆုံးမီကာလအတွက် ဆန်အရည်အချင်းသတ်မှတ်ချက်များ၊ ဖြတ်တောက်နှုန်းထားများကို ယေဘုယျ ပြုလုပ်ခဲ့သည်ဟုသာ သိရသော်လည်း သက်ဆိုင်ရာအထောက်အထားများကို မတွေ့ရှိခဲ့ပါ။ ထိုအခြေအနေ

များကြောင့် လယ်ယာစိုက်ပျိုးရေးစီမံကိန်းအဖွဲ့ APB သည် ဆန်အမျိုးအစားအလိုက် အရည်အသွေး သတ်မှတ်ချက် (Specification)နှင့် အရည်အသွေးမမီပါက ဖြတ်တောက်နှုန်းထားများကို သတ်မှတ်ခဲ့ကြောင်း အောက်ပါအတိုင်း သိရှိရပါသည်-

(က) ၁၉၄၇ ခု၊ ဇန်နဝါရီလ ၂၀ ရက်နေ့တွင် ငစိန်စက်ကလေး အထူးဆန်(တန်းနိမ့်ဆန် အမျိုးအစား)၊ ညှော့မထ စက်ကလေးအထူးဆန်၊ မီးဒိုးဈေးဆန် (တန်းနိမ့်)၊ မီချာပြုတ်ဆန်၊ လုံးသွယ်ပြုတ်ဆန်၊ ဆန်ဖြူ၊ ပြုတ်ဖွဲနုများ၊ စပါးတို့အတွက် အရည်အသွေးနှင့် ဖြတ်တောက်နှုန်းထား သတ်မှတ်ခြင်း၊

(ခ) ၁၉၄၇ ခု၊ မတ်လ ၁၈ ရက်နေ့တွင် ထိခိုက်အပျက်အစီး (Damage)နှင့်ပတ်သက်၍ ပါဝင်ခွင့်နှင့်ဖြတ်တောက်နှုန်းထား၊ မီးဒိုးဆန်အတွက် Foreign Grains များ ပါဝင်ခွင့်နှင့်ဖြတ်တောက်နှုန်းထား၊ ဆူဂန္ဓီ၊ ညှော့မထဆန်အမျိုးအစားအတွက် Foreign Grains ပါဝင်ခွင့်နှင့်ဖြတ်တောက်နှုန်းထားများအပါအဝင် ပြင်ဆင် သတ်မှတ်ခြင်း၊

(ဂ) ၁၉၄၇ ခု၊ ဧပြီလ (၂)ရက်နေ့တွင် ဆန်အမျိုးအစားအားလုံးအပေါ် ဖြတ်တောက် နှုန်းထားများကို ပြင်ဆင်သတ်မှတ်ခြင်း၊

**အရည်အသွေးပြဿနာများ**

၅။ မြန်မာ့ဆန်များ ပြည်ပတင်ပို့ရာတွင် ဆန်စပါးကျွမ်းကျင်သည့် နိုင်ငံခြားသားပိုင်နှင့် မြန်မာပိုင် ဆန်စပါးကုမ္ပဏီများအား အဝယ်တော်များအဖြစ် ခန့်ထားခြင်း၊ ဆန်အမျိုးအစားအလိုက် ဆန်အရည်အချင်းသတ်မှတ်ချက်များ၊ ဖြတ်တောက်နှုန်းထားများကို မည်မျှပင်ကြိုးစား၍ ပြုလုပ် စေခဲ့သော်လည်း လယ်ယာစိုက်ပျိုးရေးစီမံကိန်းအဖွဲ့သည် အောက်ဖော်ပြပါ ပြဿနာများနှင့် ရင်ဆိုင်ခဲ့ရပါသည်-

(က) အိန္ဒိယ၊ မလေးရှား၊ သီဟိုဠ်၊ နယ်သာလန် အစရှိသော နိုင်ငံများက ၎င်းတို့နိုင်ငံသို့ တင်ပို့သောဆန်များ၏ အရေအတွက် လျော့နည်းခြင်းကိစ္စ၊

(ခ) ဆန်များကို သင်္ဘောတင်ရာတွင် ချိန်တွယ်ခြင်းမပြုဘဲ မူလကြိတ်ခွဲစဉ်က ချိန်တွယ်ခဲ့ပြီးသော ပေါင် (၁၆၀) ကို အခြေခံသောစနစ်ဖြင့် ရေတွက်ခြင်း ပြုလုပ် သဖြင့် ဆန်တစ်အိတ် ပျမ်းမျှ ပေါင် (၂၀) မှ (၃၀)အတွင်း လျော့နည်းကြောင်း သင်္ဘောကုမ္ပဏီများကတွေ့ရှိခြင်း၊

(ဂ) သင်္ဘောလိုင်းကိုယ်စားလှယ်များက Bill of Lading (BL) ထုတ်ပေးရမည့်ကိစ္စတွင် APB အဖွဲ့၏ Letter of Guarantee ထုတ်ပေးမှသာ ၎င်းတို့၏ BL ထုတ်ပေးမည်ဟု ဆိုခြင်း။

၆။ ဒုတိယကမ္ဘာစစ်မတိုင်မီ မြန်မာ့ဆန်စပါး ဝယ်ယူကြိတ်ခွဲမှုနှင့် ပြည်ပတင်ပို့မှုလုပ်ငန်း အဆင့်ဆင့်၏ အရည်အသွေးထိန်းသိမ်းမှုအပိုင်းကို ဗြိတိသျှနှင့် ဥရောပကုမ္ပဏီကြီးများ ကြီးစိုးသည့် ဘူလင်ဂျာပူးလ်ကဲ့သို့သော အဖွဲ့အစည်းများ လန်ဒန်ဆန်ပွဲစားအသင်း အထူးသဖြင့် ရန်ကုန်ဆန်ပွဲစားအသင်းနှင့် မြန်မာနိုင်ငံဆန်ကုန်သည်ကြီးများအသင်းတို့က ဦးဆောင်သတ်မှတ်လုပ်ကိုင်ခဲ့သည့် အခြေအနေရှိခဲ့ပါသည်။ ဒုတိယကမ္ဘာစစ်အပြီး မြန်မာ့လွတ်လပ်ရေးအကြိုခေတ် ဘုရင်ခံဦးဆောင်သော မြန်မာအစိုးရအဖွဲ့လက်ထက်ရောက်မှသာ လယ်ယာစိုက်ပျိုးရေး စီမံကိန်းအဖွဲ့ (APB) က တာဝန်ပေးအပ်သည့် ဆန်အကဲဖြတ်အဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊ ဆန်အရည်အသွေး စံချိန်စံညွှန်းနှင့် ဖြတ်တောက်နှုန်းထားများကို သတ်မှတ်ပြဋ္ဌာန်းခြင်းတို့ ဆောင်ရွက်ခဲ့သည်ကို တွေ့ရပါသည်။ **နိုင်ငံတကာဆန်ကုန်သွယ်မှုတွင် အဓိကထုတ်လုပ်သည့်နိုင်ငံအနေဖြင့် မြန်မာ့ဆန် အရည်အသွေးကို သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းကသာ သတ်မှတ်ပိုင်ခွင့်နှင့် အရည်အသွေး အငြင်းပွားမှု ဖြစ်ပေါ်ပါကလည်း မြန်မာနိုင်ငံက သတ်မှတ်ပြဋ္ဌာန်းသည့်အတိုင်း ဆုံးဖြတ် ဆောင်ရွက်ပိုင်ခွင့်ရရှိရေးကို ကြိုးပမ်းခဲ့သည့်အခြေအနေ ဖြစ်ပါသည်။**

အပိုင်း (၇)

## ဆန်စပါးဈေးကွက်တွင် အစိုးရ၏ဝင်ရောက်ဆောင်ရွက်မှုများ

## (Government Intervention)

**ဘူလင်ဂျာပူးလ်အဖွဲ့၏ ဈေးကွက်ခြယ်လှယ်မှုအား စုံစမ်းစစ်ဆေးခြင်း**

၁။ မြန်မာ့ဆန်စပါးရောင်းဝယ်ရေးလောကတွင် စပါးဈေးနှုန်းနှင့် ဆန်ဈေးနှုန်းများ အဆမတန် ကျဆင်းခဲ့သဖြင့် တောင်သူလယ်သမားများတွင် အကြွေးတင်မှု များပြားလာ၍ စားဝတ်နေရေး ခက်ခဲလာခဲ့သည့်အခြေအနေတွင် ဆန်စပါးဈေးနှုန်းများကို မတရားလျှော့သတ်မှတ်၍ အမြတ်အများဆုံးရရှိစေရန် ဘူလင်ဂျာပူးလ်က ဆောင်ရွက်နေသည်ဟု ပြစ်တင်ဝေဖန်မှုများလည်း ပေါ်ပေါက်ခဲ့သည်။ ၁၉၂၉ ခုနှစ် ဖေဖော်ဝါရီလ ၁၈ ရက်နေ့တွင် မြန်မာနိုင်ငံ ဥပဒေပြုကောင်စီ၊ တောင်ငူတောင်ပိုင်း အမတ်ဦးပုက **"ဆန်စပါးဈေးနှုန်း ထိန်းချုပ်ထားမှုများအပါအဝင်** အခြေအနေများကို စုံစမ်းစစ်ဆေးရေးကော်မတီတစ်ရပ် အမြန်ဆုံးခန့်အပ်စုံစမ်းစေရန်နှင့် မြန်မာနိုင်ငံ၏ စီးပွားရေးဘဝတွင် ကျောရိုးသဖွယ်အရေးပါလှသော ဆန်စပါးလုပ်ငန်းအား မည်သို့ နည်းလမ်းရှာဖွေ၍ တိုးတက်အောင် ပြုပြင်ဆောင်ရွက်သင့်သည်ကို အစိုးရသို့ဖြစ်စေ၊ ဥပဒေပြုကောင်စီသို့ဖြစ်စေ အစီရင်ခံစေရန်" အဆိုကို တင်သွင်းခဲ့သည်။

၂။ မြန်မာနိုင်ငံ ဥပဒေပြုကောင်စီ၏ ဆုံးဖြတ်ချက်အရ အစိုးရက အထူးကိစ္စရပ်များဆိုင်ရာ ဘဏ္ဍာတော်မင်းကြီး မစ္စတာတီကူးပါး (T.Couper) ဥက္ကဋ္ဌအဖြစ် ပါဝင်သော ပုဂ္ဂိုလ် (၈) ဦး ပါဝင်သည့် ကော်မတီကို ဖွဲ့စည်း၍ ဆန်စပါးဈေးနှုန်းများ ကျဆင်းရသည့်ကိစ္စကို အဓိကထား စုံစမ်းစစ်ဆေးခဲ့သည်။ ယင်းကော်မတီသည် ၁၉၃၁ ခုနှစ် နိုဝင်ဘာလတွင် ကော်မတီ၏ ကြားဖြတ်အစီရင်ခံစာကို တင်သွင်းခဲ့သည်ဟု သိရသည်။

၃။ စုံစမ်းစစ်ဆေးရေးအဖွဲ့အနေဖြင့် ဘူလင်ဂျာပူးလ်၏ မြန်မာ့ဆန်စပါး ပြည်တွင်းဈေးကွက်နှင့် ပြည်ပဈေးကွက်အား လက်ဝါးကြီးအုပ်ချုပ်ခြယ်လှယ်နေမှုများကို ဖော်ထုတ်တွေ့ရှိခဲ့ရသည်။ အဓိကတွေ့ရှိသော အချက်အချို့မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ဘူလင်ဂျာပူးလ်သည် လန်ဒန် ဆန်ပွဲစားများအသင်းမှတစ်ဆင့် အကျိုးအမြတ်များသည့် ဥရောပဆန်ဈေးကွက်ကို ကြီးစိုးထားပြီး၊ စက်ကလေးပိုင်ရှင်များနှင့် အခြားကုန်သည်များက အခြားဆန်ဈေးကွက်ကိုသာ ရောင်းချခွင့်ရခြင်း၊

(ခ) မြန်မာနိုင်ငံရှိ စက်ကလေးပိုင်ရှင်များက ဥရောပဈေးကွက်ကို ချိတ်ဆက်ရှာဖွေ၍ ခြေကုပ်ရသည့်တိုင် ဘူလင်ဂျာပူးလ်အဖွဲ့က ပင်လယ်ကူးသင်္ဘောကုမ္ပဏီများ၏ ကိုယ်စားလှယ်များ ဖြစ်နေ၍ မြန်မာကုန်သည်များ ဆန်တင်ပို့ကုန်သင်္ဘော

နေရာ မပေးခြင်း၊ သင်္ဘောတွင်နေရာရပါကလည်း ကုန်သယ်ခကို မတန်တဆ မြှင့်တင်ကောက်ခံခြင်းဖြင့် ဥရောပဈေးကွက်သို့ တင်ပို့ခွင့်မရအောင် ဆောင်ရွက်ခြင်း၊

(ဂ) ဘူလင်ဂျာပူးလ်သည် ရန်ကုန်စပါးဈေးနှုန်းကို နေ့စဉ်ညှိနှိုင်းသတ်မှတ်ပြီး၊ ၎င်းတို့ သတ်မှတ်သည့်ဈေးထက် မည်သူမျှ ပိုပေး၍ ဝယ်ယူခွင့်မပြုခြင်း၊

(ဃ) ဘူလင်ဂျာပူးလ်သည် ဆန်စပါးလုပ်ငန်းအများစုကို လုပ်ကိုင်နေသည့် အဖွဲ့အစည်းဖြစ်၍ ၎င်းတို့သတ်မှတ်ဈေးအတိုင်း စပါးကိုရောင်းချစေရန် ဖန်တီးနိုင်စွမ်းရှိသဖြင့် ရန်ကုန်ဈေးနှုန်းကို ၎င်းတို့ စိတ်ကြိုက်လျှော့၍ သတ်မှတ်နိုင်ခြင်းကြောင့် ရန်ကုန် စပါးဈေးသည် ဘူလင်ဂျာပူးလ်၏ အဆုံးအဖြတ်အပေါ်တွင် မူတည်ခြင်း၊

၄။ စုံစမ်းရေးကော်မတီက စစ်ဆေးရာတွင်လည်း ဘူလင်ဂျာပူးလ်အဖွဲ့၏ ကိုယ်စားလှယ်များသည် ဆန်စပါးဈေးနှုန်းများ အဆမတန်ကျဆင်းရသည့်ကိစ္စနှင့်စပ်လျဉ်း၍ စွပ်စွဲချက်များကို မမှန်ကန်ဟု ငြင်းဆိုသည့်အပြင် ဆန်စပါးလုပ်ငန်းကို မည်ကဲ့သို့ ညှိနှိုင်းလုပ်ကြသည်ကိုလည်းကောင်း၊ ကုမ္ပဏီများ၏ အရှုံးအမြတ်စာရင်းများ တင်ပြရန်ကိုလည်းကောင်း ငြင်းဆိုခဲ့ကြသည်။ အဆိုပါအခြေအနေအရ စုံစမ်းရေးကော်မတီအဖွဲ့ဝင်များဖြစ်သည့် သာယာဝတီဦးပု၊ အတွင်းရေးမှူး အီးအိပ်ချ်ဆော်လမွန် (E.H Solmon) အပါအဝင် အဖွဲ့ဝင်အချို့က မကျေနပ်ကြသဖြင့် ကော်မတီ၏ ကြားဖြတ်အစီရင်ခံစာပါ အချက်အလက်များအား သဘောမတူကြဘဲ သီးခြားသဘောထား ( Minute of Dissent) များကို တင်ပြခဲ့ကြောင်း လေ့လာသိရှိရပါသည်။ သာယာဝတီဦးပုက သီးခြားသဘောအမြင်နှင့် တင်ပြခဲ့သည့် အောက်ပါ ကန့်ကွက်ချက်များမှာ မှတ်သားဖွယ်ရာ ဖြစ်ပါသည်-

"ဤကော်မတီ ဖွဲ့စည်းခြင်းအတွက် ကျွန်ုပ်တွင် တာဝန်ရှိသော်လည်း ကျွန်ုပ်အနေနှင့် တိုင်းသူပြည်သားများ၏ စီးပွားပျက်မှုများနှင့်ပတ်သက်၍ ဘူလင်ဂျာပူးလ်တွင် တာဝန်မရှိပါဆိုသော အချက်ကို သေချာစေလိုသောကြောင့် ဖြစ်သည်။ ကော်မတီ၏ စစ်ဆေးမှုအရ ကျွန်ုပ်တို့၏ သံသယများသည် မှန်ကန်နေပေပြီ။ ဘူလင်ဂျာပူးလ်သည် အလွန်သြဇာအာဏာရှိသည်။ သူလုပ်ချင်သလို တိုင်းပြည်ကို ခြယ်လှယ်သည်။ စပါးဈေးများကို လျှော့ချသည်။ ပြိုင်ဘက်ကုန်သည်များကိုဖိနှိပ်ရန် ဆန်ကို အရှုံးခံ၍ ရောင်းသည်။ ဆုံးရှုံးမှုကို ဥရောပဈေးကွက်သို့ ရောင်း၍ ရသောအမြတ်နှင့် ဖြည့်စွက်သည်။ ဘူလင်ဂျာပူးလ်သည် ဆန်စပါးဈေးကွက်ကို ချုပ်ကိုင်နိုင်သော အာဏာမရှိဟု ဆိုသော်လည်း သူ့တွင် စပါးဝယ်ရာတွင် ဈေးလျှော့ပေးရန် လုပ်နိုင်သကဲ့သို့ ဆန်ရောင်းရာတွင် ဈေးပိုရအောင်လည်း လုပ်နိုင်သည်။ ဤသို့ဖြင့် နေ့စဉ် အရောင်း

အဝယ်ပြုနေသော ဆန်စျေးကွက်ကို စိုးမိုးထားသည်။ ဘူလင်ဂျာပူးလ်ကို စွပ်စွဲထားသော အချက်များသည် အလွန်အရေးကြီးသော်လည်း ဘူလင်ဂျာပူးလ်အနေနှင့် ယင်းစွပ်စွဲချက်များကို ကာကွယ်ရန် ကြိုးစားအားထုတ်ခြင်း မပြုချေ။ **အမှန်ကိုဖော်ပြရလျှင် ဘူလင်ဂျာပူးလ်သည် အစိုးရက ခန့်အပ်ထားသောကော်မတီနှင့် ဆက်ဆံရာတွင် ထားရှိသင့်သော လေးစားမှုမျိုးပင် မရှိခဲ့ချေ။ ဤကဲ့သို့ ပြုမူသူများသည် နိုင်ငံကို အုပ်ချုပ်သောလူမျိုးများ ဖြစ်နေသောအခါ အခြေအနေပိုဆိုးသည်။ သူတို့သည် အုပ်ချုပ်သောလူမျိုးများ မဟုတ်ပါက ပြည်ပတင်ပို့ရန် ကြိတ်ခွဲထားသော ဆန်များမှ ရန်ကုန်၌ မည်မျှရောင်းလိုက်သည်။ ထို့နောက် ရန်ကုန်မှာပင် မည်မျှထပ်ဝယ်သည် ဆိုသောစာရင်းကို ပေးရန် ငြင်းဆိုမည် မဟုတ်ပေ။"**

**ပြည်ပဆန်ကုန်သွယ်မှု စုံစမ်းရေးကော်မတီ (Rice Export Trade Enquiry Committee)**

၅။ ၁၉၃၆ ခုနှစ် ဩဂုတ်လတွင် လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဌာန ဝန်ကြီး ဦးဘဖေ ဥက္ကဋ္ဌအဖြစ် ဦးဆောင်ပြီး အဖွဲ့ဝင် ၁၃ ဦးပါဝင်သော ပြည်ပဆန်ကုန်သွယ်မှုစုံစမ်းရေးကော်မတီ ကို ဖွဲ့စည်းခဲ့သည်။ ပြည်ပ ဆန်တင်ပို့ရောင်းချမှုနှင့် ဆက်နွှယ်နေသည့် စိုက်ပျိုးရေး၊ ကြိတ်ခွဲရေး၊ အရည်အသွေးထိန်းသိမ်းရေး၊ အရောင်းအဝယ်ပြဿနာများ ဖြေရှင်းရေးနှင့် စျေးကွက်ရှာဖွေရေး တို့ကို ဆောင်ရွက်ရန် တာဝန်ပေးအပ်ခဲ့ကြောင်း တွေ့ရသည်။ အဖွဲ့၏ ၁၉၃၇ ခုနှစ် ဇန်နဝါရီလတွင် တင်ပြသည့် အစီရင်ခံစာတွင် **"ဆန်ကုန်သွယ်ရေးအကြံပေးကော်မတီ (Rice Trade Advisory Committee)"** တစ်ရပ် အမြဲတမ်းဖွဲ့စည်းထားရှိပြီး ဆန်စပါးလုပ်ငန်း နှင့်စပ်လျဉ်းသော ကိစ္စရပ်များကို လေ့လာ သုံးသပ်အကြံပြုစေရန်အတွက် အကြံပြုထားသည်ကို တွေ့ရသည်။

အပိုင်း(၈)

## ရန်ကုန်မြို့လူဦးရေနှင့် လူတန်းစားအလိုက် အလုပ်အကိုင်အခွင့်အလမ်းအခြေအနေ

၁။ ၁၉၄၁ ခုနှစ် လူဦးရေစာရင်းအရ ရန်ကုန်မြို့တွင် လူဦးရေ ၅၀၀,၀၀၀ ဝန်းကျင်ရှိပြီး ကိုလိုနီခေတ် ပို့ကုန်တင်ပို့မှု အားကောင်းမှုကြောင့် အာရှတွင် ခေတ်မီမြို့တော် တစ်ခုဖြစ်ခဲ့သည်။ သို့သော် ထိုခေတ်မီမြို့တော် ရန်ကုန်မြို့လူဦးရေ၏ သုံးပုံနှစ်ပုံမှာ မြန်မာမဟုတ်သော အခြား လူမျိုးများ ဖြစ်ကြပြီး အများစုမှာ ဗြိတိသျှ၊ အိန္ဒိယများဖြစ်ကာ အဆိုပါ အုပ်စုတွင် ပါကစ္စတန်နှင့် ဘင်္ဂလားဒေ့ရှ် လူမျိုးများလည်း ပါဝင်ပါသည်။ အဆိုပါ နိုင်ငံခြားသားများထဲတွင် ကျန်အနည်းစုမှာ တရုတ်၊ ဥရောပသားများ၊ ယူရိုအေးရှန်းများ၊ (အင်္ဂလို အင်ဒီယန်၊ အင်္ဂလို ဘားမား)၊ ဂျူးများနှင့် အာမေးနီးယန်းများ ပါဝင်ပါသည်။

၂။ ရန်ကုန်မြို့၏ အလယ်အလတ်တန်းနှင့် အငယ်တန်းအဆင့် ဝန်ထမ်းအုပ်စုများ၊ ရဲတပ်ဖွဲ့၊ ဆရာဝန်၊ အင်ဂျင်နီယာ၊ စာရင်းကိုင် စသည့် အသက်မွေးပညာရှင်နေရာများအားလုံးတွင် အိန္ဒိယ လူမျိုးများက ကြီးစိုးထားပြီး မြို့၏စီးပွားရေး အချက်အချာကျသည့် ရန်ကုန်မြစ်နှင့် မျက်နှာ ချင်းဆိုင်ရပ်ကွက်နေရာများကို အာရှတိုက်သား နိုင်ငံခြားသားများက လွှမ်းမိုးထားခဲ့ပါသည်။ မြန်မာအများစုမှာ ဘေးဖယ်ခံဘဝဖြစ်ခဲ့သာ ရှိခဲ့ကြောင်း မှတ်တမ်းများအရလေ့လာသိရှိရပါသည်။ [၁/]

၃။ ၂၀ ရာစု အစောပိုင်းကာလတွင် ရန်ကုန်မြို့၏ လူနေမှုအဆင့်အတန်းနှင့် အလုပ်အကိုင် အခွင့်အလမ်းများမှာ အိန္ဒိယနိုင်ငံထက် သာလွန်သည့်အပြင် လူဦးရေမှာလည်း နည်းပါးသည့် အတွက် လုပ်ခလစာသက်သာသည့် လုပ်သားများ၊ စီးပွားရေးလုပ်ဆောင်လိုသူများ၊ အသက် မွေးဝမ်းကျောင်းပညာရှင်များ လိုအပ်ချက်မှာလည်း မြင့်မားလျက်ရှိခဲ့သည်။ အဆိုပါ မြင့်မားသည့် လိုအပ်ချက်အတွက် အိန္ဒိယလူမျိုးများ ရန်ကုန်သို့ တဖွဲဖွဲ နေ့စဉ် လာရောက်ခဲ့ကြသည်။ **မြန်မာ နိုင်ငံသည် အိန္ဒိယအစိုးရ၏ လက်အောက်ခံဖြစ်၍ အိန္ဒိယလူမျိုးများ ရွှေ့ပြောင်းနေထိုင်မှုကို တစုံတရာစစ်ဆေးမှု မပြုသည့်အပြင် ရေရှည်အခြေချနေထိုင်မည့်သူများကို အားပေးခဲ့သည်။ ၁၉၂၀ ခုနှစ် နှောင်းပိုင်းကာလတွင် ရန်ကုန်သည် အမေရိကန်နိုင်ငံ၊ နယူးယောက်ဆိပ်ကမ်းမြို့ ထက်ကျော်၍ ကမ္ဘာ့အကြီးဆုံးလူဝင်မှုဆိပ်ကမ်းအဖြစ် သတ်မှတ်ခံခဲ့ရပါသည်။** ရန်ကုန်မြို့သည် လည်း အိန္ဒိယမြို့တော်ဟု ခေါ်ဆိုရသည့်အခြေအနေသို့ ရောက်ရှိခဲ့ပြီး မြန်မာလူမျိုးအနည်းစုသာ နေထိုင်နိုင်ခဲ့ပါသည်။ အထူးသဖြင့် အိန္ဒိယတိုက်နယ်ဖြစ်သည့်ဘင်္ဂလားပြည်နယ်မှကျောင်းဆရာများ၊

၁/ Historical Dictionary of Burma (Myanmar) by DONALD M.SEEKINGS (၈၁-၁၇)

ဂူဂျာရတ်ပြည်နယ်မှ ဘဏ်လုပ်ငန်းရှင်များ၊ ပန်ချာပီ (ဆဒ်)ရဲများ၊ တမီးလ်ကုန်သည်များ စသဖြင့် ပြောင်းရွှေ့အသက်မွေး လုပ်ကိုင်ခဲ့ကြကြောင်း တွေ့ရသည်။ ထို့အပြင် တရုတ်လူမျိုးများ၊ ဥရောပသားအနည်းငယ်၊ အမေရိကန်နှင့် လက်တင်အမေရိကနိုင်ငံများကလည်း ပြောင်းရွှေ့ နေထိုင်ခဲ့ကြောင်း တွေ့ရပြီး ချီလီနိုင်ငံသား ကဗျာဆရာ Pablo Neruda သည်ပင် ရန်ကုန်မြို့တွင် ၁၉၂၀ ခုနှစ်၌ ခဏတာနေထိုင်ခဲ့ကြောင်း မှတ်တမ်းများအရ သိရသည်။ ထို့ကြောင့် မြန်မာ နိုင်ငံတွင် နှစ်ပေါင်းများစွာ အုပ်ချုပ်ရေးဝန်ထမ်းလုပ်ဆောင်ခဲ့သူ ကင်းဘရစ် နိုင်ငံရေးဘောဂဗေဒ ပညာရှင် J.S. Furnivall က ရန်ကုန်မြို့၏ လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံနေထိုင်မှုကို အကြောင်း ပြု၍ Plural Society ဟူသော စကားရပ်ကို တီထွင်သုံးစွဲခဲ့သည်။ ရန်ကုန် ကာလကတ္တား အသွားအပြန် ပုံမှန်သင်္ဘောပြေးဆွဲနေခြင်း၊ ထိုစဉ်က ဗြိတိသျှလေကြောင်းလိုင်း၏ လန်ဒန်–ဆစ်ဒနီခရီးစဉ်၊ KLM လေကြောင်း၏ အမ်စတာဒမ်–ဂျာကာတာ ခရီးစဉ်အားလုံးသည် ရန်ကုန် လေဆိပ်မှတစ်ဆင့်သာ သွားရောက်ခဲ့ကြရသည်။ [၂]

၂/ Where China meets India: Burma and the new crossroads of asia by Than Myint-U (စ၁–၁၉)

အပိုင်း(၉)

## သင်ခန်းစာများ

### ကိုလိုနီခေတ် လယ်ယာစိုက်ပျိုးမြေများ တိုးချဲ့ခြင်း

၁။ ကိုလိုနီခေတ်တွင် လယ်ယာစိုက်ပျိုးမြေများ တိုးချဲ့ရာတွင် ဗြိတိသျှအစိုးရက ကျင့်သုံးခဲ့သော မူဝါဒနှင့်လုပ်ဆောင်မှုများသည် မြန်မာနိုင်ငံ၏ စီးပွားရေးပေါ်သာမက လူမှုရေးနှင့် နိုင်ငံရေးအရ သက်ရောက်မှုများရှိခဲ့ကြောင်း သုံးသပ်ပါသည်–

(က) တတိယအင်္ဂလိပ်–မြန်မာစစ်ပွဲမတိုင်မီကပင် အိန္ဒိယအမျိုးသားများကို မြန်မာနိုင်ငံ အောက်ပိုင်းသို့ အတားအဆီးမဲ့ခေါ်ယူခဲ့ခြင်းသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်း အတွက်သာ အသုံးပြုရန် ရည်ရွယ်ခြင်းမဟုတ်ဘဲ ကျန်ရှိသည့် မြန်မာနိုင်ငံ အထက်ပိုင်းအား တိုက်ခိုက်သိမ်းပိုက်ရာတွင် အသုံးပြုရန် ရည်ရွယ်ခဲ့ခြင်းဖြစ်ပါသည်။ မန္တလေးသို့ ဝင်ရောက်တိုက်ခိုက်ရာတွင် အိန္ဒိယတပ်သားများ ပါဝင်ခဲ့ပါသည်။

(ခ) ကိုလိုနီခေတ်ကာလ ၁၉၀၆ ခုနှစ်မှ ၁၉၃၇ ခုနှစ်အထိ အိန္ဒိယမှပြောင်းရွှေ့လာသူ ၁၀ ဒသမ ၄၂၃ သန်းရှိခဲ့ရာ မြန်မာနိုင်ငံ၏ အဓိက ဆန်စပါးစိုက်ပျိုးထုတ်လုပ်ရာ ဒေသများတွင် နိုင်ငံခြားသားများကြီးစိုးစေရန် ရည်ရွယ်ခဲ့ခြင်းဖြစ်ပါသည်။ ကုန်သွယ်လယ်ယာမှ နိုင်ငံတော်မှ စပါးများဝယ်ယူခဲ့စဉ်က စပါးအများဆုံးစိုက်ပျိုး ထုတ်လုပ်သည့် ပဲခူးတိုင်း၊ ကျောက်တံခါးမြို့နယ်ကို ဥပမာကြည့်ရှုနိုင်ပါသည်။

(ဂ) ထိုစဉ်က မြန်မာဘုရင်အုပ်ချုပ်ဆဲဖြစ်သည့် အထက်မြန်မာနိုင်ငံမှ လယ်သမား များကို အင်္ဂလိပ်ပိုင် အောက်မြန်မာနိုင်ငံသို့ မက်လုံးအမျိုးမျိုးပေး၍ ခေါ်ယူခဲ့ခြင်း မှာလည်း အထက်မြန်မာပြည် စပါးစိုက်ပျိုးထုတ်လုပ်မှုကို ထိခိုက်ပြီး စားနပ်ရိက္ခာ လိုအပ်ချက် ဖြစ်ပေါ်စေရန်အပြင် မြန်မာဘုရင့်တပ်မတော်အတွက် စစ်အင်အား စုဆောင်းမှုကိုပါ ထိခိုက်စေရန် ရည်ရွယ်ခဲ့ခြင်း ဖြစ်နိုင်ပါသည်။

(ဃ) ဒုတိယကမ္ဘာစစ်အပြီး မြန်မာနိုင်ငံ၏လွတ်လပ်ရေးအကြိုကာလ ရောက်ရှိချိန်မှ အင်္ဂလိပ်အစိုးရက တောင်သူလယ်သမားများ၏ ဘဝမြင့်မားရေး၊ ကြွေးမြီသက်သာ စေရေး၊ မြေယာသီးစားချထားရေးစသည်တို့နှင့် ဆက်စပ်သောဥပဒေများ၊ ညွှန်ကြားချက်များ ပြဋ္ဌာန်းဆောင်ရွက်ခဲ့ခြင်းသည် ယခင်နှစ် (၁၀၀)ကျော် အုပ်စိုးစဉ်ကာလအတွင်း တောင်သူ လယ်သမား များ၏ အသက်မွေးမှုများကို အကာအကွယ်ပေးရန် ပျက်ကွက်ခဲ့ခြင်းကြောင့် ကြွေးတင်၊ လယ်ဆုံးဘဝဖြင့် နစ်နာခဲ့ရသည်ကို ပြင်း၍ ရနိုင်မည်မဟုတ်ပါ။

၂။ အထက်ပါသင်ခန်းစာများအရ မိမိနိုင်ငံသားများ လယ်ယာလုပ်ငန်းခွင်ကို အကြောင်းအမျိုးမျိုးဖြင့် စွန့်ခွာ၍ ပြည်ပနိုင်ငံများသို့သွားရောက်အလုပ်လုပ်ကိုင်ခြင်းမှာ နိုင်ငံအတွက် နိုင်ငံခြားဝင်ငွေနှင့် လုပ်ငန်းအတွေ့အကြုံကျွမ်းကျင်မှုများ ရရှိနိုင်မည်မှန်သော်လည်း၊ တစ်ဖက်တွင် မိမိနိုင်ငံ၏ လယ်ယာလုပ်သားရှားပါးမှုနှင့် ကြုံတွေ့မှုကြောင့် လယ်ယာကုန်ထုတ်လုပ်မှုကို ထိခိုက်မည်ဖြစ်သကဲ့သို့ သွားရောက်သူများမှာ လူငယ်လူရွယ်များဖြစ်၍ နိုင်ငံ့ကာကွယ်ရေးအတွက်လည်း အသုံးဝင်သူများဖြစ်ပါသည်။

**၃။ ကိုလိုနီခေတ်တွင် မိမိလယ်ယာလုပ်သားများကို မက်လုံးပေး၍ ခေါ်ယူခဲ့သောနိုင်ငံနှင့် အဖွဲ့အစည်းများအနေဖြင့် စီးပွားရေးနှင့်နိုင်ငံရေး ရည်မှန်းချက်ရှိခဲ့သည်မှာ ငြင်း၍မရပါ။ မျက်မှောက်ခေတ်တွင်လည်း မိမိနိုင်ငံအနှံ့ ကျေးလက်တောရွာများမှ အရွယ်ကောင်းလူငယ်များကို မက်လုံးမျိုးစုံဖြင့် ၎င်းတို့နိုင်ငံသို့ တရားဝင်နှင့်တရားမဝင် နည်းလမ်းပေါင်းစုံဖြင့် ခေါ်ယူလျက် ရှိရာ အဆိုပါနိုင်ငံများ၏ စီးပွားရေးနှင့်နိုင်ငံရေး ရည်မှန်းချက်များကို သတိထားရန်လိုအပ်မည်ဖြစ်ပါသည်။**

**ကိုလိုနီခေတ် မြန်မာ့ဆန်စပါးတင်ပို့မှု**

၄။ ကိုလိုနီခေတ်တွင် မြန်မာနိုင်ငံသည် ကမ္ဘာ့ဆန်စပါးအဓိကတင်ပို့ခဲ့သည့် ထိပ်တန်းနိုင်ငံဖြစ်ခဲ့ပြီး ၁၉၂၅-၂၆၊ ၁၉၃၀-၃၁၊ ၁၉၃၃-၃၄၊ ၁၉၃၄-၃၅ နှင့် ၁၉၃၉-၄၀ နှစ်များတွင် ဆန်တန်ချိန် (၃)သန်းကျော်ထိ နှစ်စဉ် တင်ပို့နိုင်ခဲ့သည်။ အင်္ဂလိပ်-မြန်မာ တတိယစစ်ပွဲမဖြစ်မီကပင် မြန်မာနိုင်ငံ၏ ဆန်နှင့်ကျွန်းသစ် အဓိကထွက်ရှိရာဒေသများသို့ ချိတ်ဆက်သည့် မီးရထားလမ်းများ (ရန်ကုန်-ပြည်၊ ရန်ကုန်-မုတ္တမ) နှင့် တွံ့တေးတူးမြောင်းတို့ကို ဖောက်လုပ်ခဲ့ပြီး မြန်မာနိုင်ငံတစ်ဝန်းလုံးကိုသိမ်းပိုက်ခဲ့သည့် ၁၈၈၅ ခုနှစ်မှစ၍ ၁၉၀၅ ခုနှစ်အထိ စီးပွားရေးအရ အဓိကအချက်အချာကျသည့် တောင်ငူ၊ မန္တလေး၊ မြစ်ကြီးနား၊ လားရှိုးနှင့် ပုသိမ်၊ ဟင်္သာတ၊ ကြံခင်းရထားလမ်းများကို ဖောက်လုပ်ခဲ့ခြင်းကြောင့် မြန်မာနိုင်ငံအား ၎င်းတို့ကိုလိုနီလက်အောက်ရှိနေစဉ် အဓိကပို့ကုန် ဆန်နှင့်သစ်များ၊ သတ္တုများ၊ ရေနံများ ပြည်ပသို့ အရှိန်အဟုန်ဖြင့် တင်ပို့နိုင်ရန် ကြိုးပမ်းခဲ့ကြောင်း တွေ့ရသည်။ ရန်ကုန်မြို့သည်လည်း အဓိကပို့ကုန်ဆိပ်ကမ်းမြို့နှင့် လေကြောင်းဆုံရပ်ဖြစ်ခဲ့သောကြောင့် အာရှ၏ ခေတ်မီတိုးတက်သော မြို့တော်တစ်ခုအဖြစ် အသိအမှတ်ပြုခံခဲ့ရသည်။ သို့သော် ထိုစဉ်က အာရှ၏ခေတ်ပြိုင်မြို့များဖြစ်သည့် တိုကျို၊ အိုဆာကာနှင့် ရှန်ဟိုင်းမြို့များ၏ ခေတ်မီစက်မှုလုပ်ငန်းများထူထောင်၍ လယ်ယာအခြေပြုစီးပွားရေးအစား ကုန်ထုတ်လုပ်မှုအခြေပြုစီးပွားရေးသို့ ပြောင်းလဲတိုးတက်တည်ထောင်နေချိန်ဖြစ်သည်။ အင်္ဂလိပ်တို့သည် မြန်မာနိုင်ငံအား အင်္ဂလန်နှင့် ဥရောပနိုင်ငံများအတွက် လိုအပ်သည့်

ကုန်ကြမ်းများထုတ်လုပ်ရာ ဒေသအဖြစ်သာ သဘောထားခဲ့ပြီး၊ အဆိုပါနိုင်ငံများက ထုတ်လုပ်သည့် ကုန်ချောလုပ်ကုန်ပစ္စည်းများကို ပြန်လည်ရောင်းချသည့်ဈေးကွက်အဖြစ်သာ အသုံးချခဲ့ခြင်းဖြစ်ပါသည်။

၅။ မျက်မှောက်ခေတ်နှင့်အနာဂတ်တွင်လည်း မိမိနိုင်ငံ၏သယံဇာတနှင့် မဟာဗျူဟာကျမှုကို အသုံးချလိုသည့် အင်အားကြီးနိုင်ငံများ၊ နိုင်ငံတကာစီးပွားရေးအဖွဲ့အစည်းများက မြန်မာနိုင်ငံ၏ အဝေးပြေးလမ်းများ၊ ရထားလမ်းများ၊ ခေတ်မီဆိပ်ကမ်းများ ထူထောင်ရင်းနှီးလုပ်ကိုင်ရန် စိတ်ဝင်စားလျက်ရှိရာ၊ ဗြိတိသျှလက်အောက်ခံဘဝကသင်ခန်းစာများကို ရယူ၍ အမျိုးသား အကျိုးစီးပွားအတွက် မဟာဗျူဟာကျကျ ပြင်ဆင်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါသည်။

**ကိုလိုနီခေတ် မြန်မာ့ဆန်စပါးအဓိကဦးဆောင်အဖွဲ့အစည်းများ**

၆။ ကိုလိုနီခေတ်တစ်လျှောက်လုံး မြန်မာ့ဆန်စပါးလုပ်ငန်းနယ်ပယ်ကို ဗြိတိသျှအစိုးရ၊ အိန္ဒိယအစိုးရနှင့် ၎င်းတို့ သြဇာခံအမျိုးမျိုးသောအဖွဲ့အစည်းများက ခြယ်လှယ်ခဲ့ကြသည်မှာ ထင်ရှားပါသည်။ ကိုလိုနီခေတ်မြန်မာ့ဆန်စပါးလုပ်ငန်းသည် ကမ္ဘာ့ထိပ်တန်းစီးပွားရေးလုပ်ငန်း အဆင့်ဖြင့် နှစ်စဉ် အကျိုးအမြတ်များ များစွာရရှိခဲ့သည်မှာ မှန်သော်လည်း အင်္ဂလိပ်နှင့် စကော့လူမျိုးများနှင့် ဂျာမန်စသည့် ဥရောပတိုက်သားများ၊ အိန္ဒိယစီးပွားရေးလုပ်ငန်းရှင်နှင့် ငွေရှင်ကြေးရှင်များ၊ တရုတ်စီးပွားရေးလုပ်ငန်းရှင်များနှင့် နိုင်ငံခြားသားပညာတတ်အသိုင်းအဝိုင်း ကသာလျှင် အဆိုပါအကျိုးအမြတ်များကို ခံစားခဲ့ရသည်။

၇။ မြန်မာ့ဆန်စပါးလုပ်ငန်းသည် ကိုလိုနီခေတ်တွင်သာမက မျက်မှောက်ခေတ်အထိ မြန်မာလူမျိုးတိုင်းရင်းသားပေါင်းစုံ၏ အသက်မွေးမှုဘဝများနှင့် နက်ရှိုင်းစွာပတ်သက်နေဆဲဖြစ်၍ ကိုလိုနီခေတ်၏ သင်ခန်းစာများကို ရယူကာ ဆန်စပါးလုပ်ငန်း Supply Chain တစ်လျှောက် ပါဝင်လုပ်ဆောင်သူအားလုံး၏ အကျိုးစီးပွားမျှမျှတတဖြစ်စေမည့် မူဝါဒများ၊ ဥပဒေများဖြင့် ထိန်းကျောင်းရုံသာမက အမျိုးသားရည်မှန်းချက်များကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်သည့် အစိုးရ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ အားကောင်းစေရန်လည်း လိုအပ်မည်ဖြစ်ပါသည်။

**လယ်ယာစိုက်ပျိုးရေးကဏ္ဍအတွက် ဘဏ္ဍာငွေပံ့ပိုးမှု**

၈။ ကိုလိုနီခေတ်တွင်လည်း လယ်ယာလုပ်ငန်းဖွံ့ဖြိုးရေးအတွက် လိုအပ်သောအခြေခံအဆောက်အအုံများတည်ဆောက်ခြင်း၊ စိုက်ပျိုးထုတ်လုပ်မှုကုန်ကျစရိတ်အတွက် ပံ့ပိုးခြင်းတို့ဆောင်ရွက်နိုင်ရန် အစိုးရပြဋ္ဌာန်းသော ဥပဒေများရှိခဲ့သော်လည်း ဗျူရိုကရေစီယန္တရား၏ ကြိုးနီစနစ်နှင့် ကိုလိုနီအစိုးရလက်ထက် အမတော်ကြေးဆိုင်ရာ အစိုးရဌာနအဖွဲ့အစည်းများတွင် တာဝန်ထမ်းဆောင်သူအချို့၏ မိမိနိုင်ငံအမျိုးသားအကျိုးစီးပွားအတွက် တာဝန်ယူမှု၊ တာဝန်ခံမှု

အားနည်းခဲ့ခြင်းကြောင့် လယ်ယာကဏ္ဍအား ငွေကြေးပံ့ပိုးမှုအစီအစဉ်မှာ မူဝါဒနှင့်ဥပဒေသာရှိပြီး အောင်မြင်မှု မရခဲ့ခြင်းဖြစ်ပါသည်။ တစ်ဖက်တွင်လည်း ချစ်တီးငွေချေးဌာနများကို တစ်နိုင်ငံလုံး တရားဝင်ခွင့်ပြုပေးထားပြီး အစိုးရအမတော် ချေးငွေအတိုးနှုန်းထက် များစွာပိုသည့် အတိုးနှုန်း များဖြင့် ချေးယူခြင်း၊ စာချုပ်စာတမ်းဗဟုသုတနှင့်အရေးကြီးမှုကို သိရှိနားလည်မှုအားနည်းသည့် မြန်မာ့တောင်သူလယ်သမားများအတွက် အော်ဒီမန်[၁/] (Ondemand) စာချုပ်ကဲ့သို့သော တစ်ဖက်သတ်အသာစီးစာချုပ်များချုပ်ဆိုခြင်းတို့ကို တာဝန်ရှိသူအစိုးရနှင့်အုပ်ချုပ်သူအဖွဲ့အစည်း အဆင့်ဆင့်က ခွင့်ပြုပေးထားခြင်းသည် ဗြိတိသျှအစိုးရ၏ တမင်ရည်ရွယ်လုပ်ဆောင်မှုအဖြစ် သုံးသပ်နိုင်ပါသည်။

၉။ အထက်ပါသင်ခန်းစာများအရ အခြေခံလူတန်းစားများ၏ နေ့စဉ်ဘဝများနှင့်သက်ဆိုင်သည့် လယ်ယာကဏ္ဍအခြေခံအဆောက်အအုံဖွံ့ဖြိုးရေး၊ ခေတ်စနစ်နှင့် ဈေးကွက်၏ တောင်းဆိုချက်အရ ထုတ်လုပ်ရန်လိုအပ်သည့် လယ်ယာထုတ်ကုန်များအတွက် လယ်ယာစိုက်ပျိုး ထုတ်လုပ်မှုစရိတ်များသည် မျက်မှောက်ခေတ်နှင့်အနာဂတ်တွင်လည်း နိုင်ငံတော်က တာဝန်ယူ ဖြည့်ဆည်းပေးနေရအုံးမည်ဖြစ်ရာ နိုင်ငံတော်မှတာဝန်ယူသည့်အပိုင်း၊ ပုဂ္ဂလိက ဦးဆောင် အဖွဲ့အစည်းများက တာဝန်ယူသည့်အပိုင်းနှင့် အခန်းကဏ္ဍများအား မူဝါဒ၊ ဥပဒေလုပ်ထုံး လုပ်နည်းများ ပြဋ္ဌာန်းဆောင်ရွက်ရုံသာမက ဦးတည်ရာအုပ်စုတို့၏ လူမှုစီးပွားဘဝများကို အကျိုး သက်ရောက်မှု သေချာစေရန် လိုအပ်မည်ဖြစ်ပါသည်။ သို့မှသာ တောင်သူလယ်သမား လယ်ယာ လုပ်သားများနှင့် အခြေခံလူတန်းစားတို့အပါအဝင် Supply Chain တစ်လျှောက် ရင်းနှီးလုပ်ကိုင် သူများအနေဖြင့် ပုံသဏ္ဍာန်အမျိုးမျိုးသော ငွေချေးလုပ်ငန်း (ခေတ်သစ်ချစ်တီး)တို့နှင့် ကင်းဝေးစွာ ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

**ဆန်အရည်အသွေးထိန်းသိမ်းမြှင့်တင်ခြင်း**

၁၀။ ဗြိတိသျှကိုလိုနီလက်အောက်တွင် နိုင်ငံခြားသားပိုင်ကုမ္ပဏီများ၊ အဖွဲ့အစည်းများက မြန်မာ့ဆန်စပါး ပို့ကုန်အရည်အသွေးနှင့် စံချိန်စံညွှန်းကို ဦးဆောင်သတ်မှတ်ထိန်းသိမ်း လုပ်ဆောင်ခဲ့ပြီး ဒုတိယကမ္ဘာစစ်အပြီးကာလ မြန်မာနိုင်ငံ၏ လွတ်လပ်ရေးအကြိုကာလတွင် မြန်မာ့ပို့ကုန်များ၏ အရည်အသွေးအပေါ် ဝယ်ယူသူနိုင်ငံများက အမျိုးမျိုးကန့်ကွက်ကြသဖြင့် မြန်မာအမျိုးသားလုပ်ငန်းရှင်များ တစ်စိတ်တစ်ပိုင်းပါဝင်သည့် လယ်ယာစိုက်ပျိုးရေးစီမံကိန်း အဖွဲ့ (APB) မြန်မာ့ဆန်အရည်အသွေးမြှင့်တင်ရေးအတွက် ကြိုးပမ်းလုပ်ဆောင်ခဲ့မှုများ ရှိခဲ့ပါ သည်။

၁/ အော်ဒီမန် (Ondemand) စာချုပ်သည် ငွေချေးစာချုပ်တစ်မျိုးဖြစ်သည်။ ချေးယူငွေကို တိတိကျကျ မဖော်ပြဘဲ စပါးပေါ်ချိန်ရောက်မှ စပါးပေါက်ဈေးနှင့်တွက်၍ ငွေရင်းကို ရေးသွင်းတတ်သည်။ လယ်ယာမြေ တစ်စိတ်တစ်ဒေသကို ပေါင်နှံလျှင်လည်း လယ်မြေအားလုံးကို ပေါင်နှံသည်ဟု အဓိပ္ပါယ်ရောက်အောင် ကြံဆောင်ထားတတ်သည်။

၁၁။ ကိုလိုနီခေတ် မြန်မာ့ဆန်အရည်အသွေးထိန်းသိမ်းမှုအတွက် ကြိုးပမ်းလုပ်ဆောင်မှု သင်ခန်းစာများအရ အခြေခံလူတန်းစားအများစု၏ လူမှုဘဝများနှင့်သက်ဆိုင်သော မြန်မာ့ဆန်စပါးလုပ်ငန်းသည် နိုင်ငံ၏အဓိကပို့ကုန်ဝင်ငွေအတွက် အားထားရသည့်လုပ်ငန်းလည်း ဖြစ်၍ မြန်မာ့ဆန်အရည်အသွေးစံချိန်စံညွှန်းကို မိမိနိုင်ငံ၏ သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့ အစည်းတစ်ခုက ကာလအလိုက် နိုင်ငံတကာဈေးကွက်လိုအပ်ချက်နှင့်အညီ ဦးဆောင်သတ်မှတ်နိုင်ရန် လိုအပ်ပါသည်။ ပြည်တွင်းနှင့်နိုင်ငံတကာကုန်သွယ်မှုတွင် အရည်အသွေးအငြင်းပွားဖွယ်ရာများ ရှိလာပါကလည်း မိမိနိုင်ငံပြဋ္ဌာန်းထားသည့် စံချိန်စံညွှန်းကိုသာ အခြေခံ၍ ဆုံးဖြတ်ဆောင်ရွက်သင့်ပါသည်။

**အစိုးရ၏ဝင်ရောက်ဆောင်ရွက်မှုများ**

၁၂။ ကိုလိုနီခေတ်တွင် ဘူလင်ဂျာပူးလ်အဖွဲ့၏ မြန်မာ့ဆန်စပါးလုပ်ငန်းအပေါ် မတရားနိုင့်ထက်ပြုမူခဲ့မှုအပေါ်တွင်လည်းကောင်း၊ ဆန်အရည်အသွေးထိန်းသိမ်းရေးကိစ္စများ၊ ပြည်တွင်းဆန်အဝယ်တော်များခန့်အပ်မှုနှင့် ခွဲတမ်းသတ်မှတ်မှုများနှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ အထူးသဖြင့် လွတ်လပ်ရေးအကြိုကာလ ဘုရင်ခံ၏အုပ်ချုပ်မှုကောင်စီနှင့် မြန်မာအစိုးရအဖွဲ့တို့တွင် မြန်မာလူမျိုးများပါဝင်လာသည့်ကာလများတွင် အစိုးရအနေဖြင့် ကိစ္စရပ်အလိုက် စုံစမ်းစစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်းခြင်း၊ လိုအပ်သော မူဝါဒနှင့်လုပ်ထုံးလုပ်နည်း ပြင်ဆင်မှုများ ပြုလုပ်ခြင်းတို့ကို ရနိုင်သမျှအခွင့်အလမ်းထဲမှ ဆောင်ရွက်ခဲ့ကြသည်ကို တွေ့ရပါသည်။

၁၃။ ဤသင်ခန်းစာအရ မြန်မာ့ဆန်စပါးဈေးကွက်တွင် ပုဂ္ဂလိကအစိုးရပူးပေါင်းဆောင်ရွက်မှုအားကောင်းရုံသာမက လိုအပ်သည့်အချိန်တွင် အစိုးရ၏ဝင်ရောက်ဆောင်ရွက်မှုများ(Government Intervention)များ လိုအပ်မည်ဖြစ်ပါသည်။

**နိဂုံး**

၁၄။ ဗြိတိသျှကိုလိုနီခေတ်တွင် မြန်မာဆန်စပါးလုပ်ငန်းသည် အရှိန်အဟုန်နှင့် ဖွံ့ဖြိုးတိုးတက်ခဲ့သည်မှာ ငြင်းဖွယ်ရာမရှိပါ။ ထို့ပြင် အဆိုပါဖွံ့ဖြိုးတိုးတက်မှုက နယ်ချဲ့အစိုးရ၏ အုပ်ချုပ်ခံသာမန်မြန်မာပြည်သူများ၊ လယ်သမားများ၊ ပွဲစားများ၊ ဆန်စက်ပိုင်ရှင်များနှင့် ဆန်စပါးလုပ်ငန်းရှင်များအပေါ် စီးပွားရေးနှင့်လူမှုရေးသက်ရောက်မှု (Economic and Social Impact) မည်သို့ရှိခဲ့သည်ကိုလည်း မြန်မာနှင့်ကမ္ဘာ့သမိုင်းဆရာများက လက်လှမ်းမီသ၍ မှတ်တမ်းတင်ခဲ့ကြသည်။ မြန်မာ့ဆန်စပါးလုပ်ငန်း (Rice Industry)၏ ကမ္ဘာ့ထိပ်တန်းအဆင့်သို့ ရောက်ရှိခဲ့သည့်ကာလအတွင်း ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်များနှင့် အဓိကဇာတ်ဆောင်များ၏ အခန်း

ကဏ္ဍ၊ နိုင်ငံခြားသားအုပ်ချုပ်သူများ၊ နိုင်ငံခြားသားများ ကြီးစိုးသည့် စီးပွားရေးအဖွဲ့အစည်းများနှင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များ၊ အမျိုးသားရေးလှုပ်ရှားသူများအကြား ပွတ်တိုက်မှုများကို သင်ခန်းစာရယူနိုင်ခြင်းဖြင့် လက်ရှိနှင့်အနာဂတ်အတွက် မြန်မာ့ဆန်စပါးလုပ်ငန်းဆိုင်ရာမူဝါဒများနှင့် လုပ်ငန်းစဉ်များချမှတ်မှုတွင် တစ်စုံတစ်ရာ အတိုင်းအတာအထိ အထောက်အကူရမည်ဟု ယုံကြည်ပါသည်။

**မှီငြမ်းကိုးကားစာရင်း**


၁။ ဆန်အကဲဖြတ်အဖွဲ့စာတမ်း–၁၉၇၇ ခု၊ မေလ(၂၈)ရက်၊ လယ်ယာကိုင်းကျွန်းနှင့်ဥယျာဉ်ခြံမြေထွက်ကုန်ပစ္စည်းကုန်သွယ်ရေးကော်ပိုရေးရှင်း

၂။ မြန်မာနိုင်ငံစပါးစိုက်ပျိုးထုတ်လုပ်ရောင်းချမှု– ၁၉၈၇ ခု၊ မတ်လ၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဗဟိုကော်မတီဌာနချုပ်

၃။ မြန်မာ့ဆန်စပါးရောင်းဝယ်ရေးသမိုင်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး–၂၀၀၃

၄။ Historical Dictionary of Burma (Myanmar) by Donald M.Seekings ၊ Second Edition


၅။ Where China Meets India: Burma and the new crossroad of Asia by Thant Myint–U

၆။ History of Rail Transport in Myanmar (Wikipedia)

၇။ The ultimatum that led to war– Late Konbaung Myanmar and the English Wars (1824–1855 AD)

၈။ A History of Southeast Asia by Arthur Cotterell–2015

## နောက်ဆက်တွဲ (က)



THE subjoined Proclamation which was issued on the 1st January at Calcutta and Rangoon, is published for general information.

MANDALAY:
*The 4th January 1886.*

C. BERNARD,
*Chief Commissioner.*

PROCLAMATION.

By command of the Queen-Empress, it is hereby notified that the territories formerly governed by King Theebaw, will no longer be under his rule, but have become part of Her Majesty's dominions, and will during Her Majesty's pleasure, be administered by such Officers as the Viceroy and Governor-General may from time to time appoint.

*The 1st January 1886.*

DUFFERIN,
*Viceroy and Governor-General.*

ကြော်ငြာစာ။

အောက်၌ရေးသားပါရှိသည့်အမိန့်ကြော်ငြာစာကို၊ ဇန္နဝါရီလ ၁ ရက်နေ့၊ ကာလကတ္တာ(ဘင်္ဂလား) မြို့နှင့်ရန်ကုန်မြို့တွင် ထုတ်ဆင့်တော်မူပြီး ဖြစ်၍ အများကြားသိစေရန် ကြော်ငြာလိုက်သည်၊

မန္တလေးမြို့၊
၁၈၈၆ ခုနှစ် ဇန္နဝါရီလ ၄ ရက်နေ့ထုတ်၊
သက္ကရာဇ် ၁၂၄၇ ခုနှစ်ပြာသိုလပြည့်ကျော် ၁၄ ရက်နေ့ထုတ်၊

စီဘာနတ်၊
အရေးတော်ပိုင်မင်းမဟာဝန်
ရှင်တော်မင်းကြီးလက်မှတ်၊

အမိန့်ကြော်ငြာစာ၊

ဘုန်းတော်အထွဋ်တရားကြီးမြတ်တော်မူထသော ကွိန်အုရင်ဗမင်းမြတ်ဘုရား၏ အမိန့်အာဏာတော်အရ ကြော်ငြာလိုက်သည်မှာ၊ အထက်သီပေါမင်းအုပ်စိုးတော်မူသော မြန်မာနိုင်ငံတော်ကို၊ ၎င်းဘုရင်က ထပ်မံ၍ဆက်လက်၍ အုပ်စိုးချုပ်ကိုင်ခြင်း မပြုမဟုတ်၊ ၎င်းနိုင်ငံနယ်မြေများသည်၊ အင်္ဂလိပ်ဘုရင်မမင်းမြတ်ဘုရား၏ နိုင်ငံနယ်မြေဖြစ်လေပြီ၊ အင်္ဂလိပ်ဘုရင်မမင်းမြတ်ဘုရား အလိုတော်ရှိစဉ်ကာလအတွင်း၊ ထိုနိုင်ငံကို ဗိုင်စြိုင်ဘုရင်ခံမင်းမြတ်က အခွင့်သင့်တော်သည့်အခါ၊ ခန့်ထား၍ ၎င်းခန့်ထားသော အရာရှိတို့က သာ အုပ်ချုပ်စီရင်စေလိမ့်မည်၊

မန္တလေးမြို့၊
၁၈၈၆ ခုနှစ် ဇန္နဝါရီလ ၁ ရက်နေ့ထုတ်၊
သက္ကရာဇ် ၁၂၄၇ ခုနှစ်ပြာသိုလပြည့်ကျော် ၁၁ ရက်နေ့ထုတ်၊

ဒါတ်ဖရင်၊
ဗိုင်စြိုင်ဘုရင်ခံမင်းမြတ်
လက်မှတ်၊

နောက်ဆက်တွဲ (ခ)

## ၁၉၃၁-၃၂ မှ ၁၉၃၅-၃၆ အထိ ဈေးကွက်အလိုက်၊ နိုင်ငံအလိုက် တင်ပို့ခဲ့သော ဆန်တန်ချိန်ဇယား

(ရေတွက်ပုံ၊ တန်ထောင်ပေါင်း)

| နိုင်ငံများ | ၁၉၃၁-၃၂ | ၁၉၃၂-၃၃ | ၁၉၃၃-၃၄ | ၁၉၃၄-၃၅ | ၁၉၃၅-၃၆ |
|---|---|---|---|---|---|
| အင်္ဂလန် | ၂၂၄ | ၂၄၈ | ၂၈၂ | ၃၂၉ | ၂၆၀ |
| ဂျာမနီ | ၃၂၄ | ၂၈၀ | ၂၄၁ | ၁၆၁ | ၈၀ |
| နယ်သာလင် | ၁၇၄ | ၁၀၂ | ၇၃ | ၅၈ | ၆၇ |
| ဘယ်လ်ဂျီယံ | ၅၆ | ၃၀ | ၄၂ | ၂၁ | ၈ |
| အီတလီ | ၂၃ | ၂၈ | ၂၆ | ၂၅ | ၁၃ |
| ပိုလန် | ၇၄ | ၃၀ | ၃၈ | ၄၉ | ၄၉ |
| ပြင်သစ် | ၁ | - | - | - | - |
| **ဥရောပဈေးကွက်** | ၈၇၆ | ၇၁၈ | ၇၀၂ | ၆၄၃ | ၄၇၇ |
| အနောက်အိန္ဒိယ | ၁၉ | ၁၄ | ၂၀ | ၃၄ | ၄၁ |
| ကျွန်းစု | | | | | |
| ကျူးဘား | ၆၆ | ၃၆ | ၄၁ | ၁၆ | ၂၃ |
| မောရစ်ရှ | ၂၅ | ၃၃ | ၃၀ | ၃၃ | ၄၁ |
| ဇင်ဇီဘာ | ၁၄ | ၁၁ | ၁၃ | ၉ | ၉ |
| ရီယူနီယံ | - | ၂ | - | - | - |
| တောင်အာဖရိက | ၁၀ | ၁၀ | ၈ | ၈ | ၇ |
| အီဂျစ် | ၈၅ | ၃၅ | ၂၄ | ၃၀ | ၁၂ |
| အာရပ်နိုင်ငံများ | ၆ | ၅ | ၁၄ | ၁၆ | ၁၄ |
| **အခြားအနောက်နိုင်ငံ ဈေးကွက်** | ၂၂၅ | ၁၄၆ | ၁၅၀ | ၁၄၆ | ၁၄၇ |
| ဂျာဗား | ၆၃ | ၁၈ | ၄ | ၂၆ | ၄ |
| စူမတြား | ၉၇ | ၆၂ | ၇၀ | ၇၀ | ၇၅ |
| စထရိတ်ဆက်တဲမင့် | ၂၄၀ | ၁၆၀ | ၁၆၄ | ၁၄၂ | ၁၄၈ |
| မလေး | ၇၁ | ၅၇ | ၆၄ | ၅၄ | ၇၈ |
| ဟောင်ကောင် | ၆၄ | ၂၉ | ၅၃ | ၃ | ၅ |
| တရုတ် | ၃၅၄ | ၂၃၄ | ၁၇၁ | ၁၇၃ | ၇၂ |
| ဂျပန် | - | ၇၄ | - | ၄ | ၉ |
| **အရှေ့ဖျားဈေးကွက်** | ၈၈၉ | ၆၃၄ | ၂၆၅ | ၄၇၂ | ၃၉၁ |

| နိုင်ငံများ | ၁၉၃၀-၃၂ | ၁၉၃၂-၃၃ | ၁၉၃၃-၃၄ | ၁၉၃၄-၃၅ | ၁၉၃၅-၃၆ |
|---|---|---|---|---|---|
| သီဟိုဠ် | ၃၃၃ | ၃၀၇ | ၃၃၁ | ၃၂၇ | ၃၆၆ |
| မဒရပ်စ် | ၅၂၄ | ၄၇၂ | ၆၄၇ | ၇၄၉ | ၉၅၆ |
| ဘင်္ဂလား | ၃၅၀ | ၁၃၆ | ၅၃၇ | ၈၈၂ | ၃၀၉ |
| ဘုံဘေ | ၃၀၂ | ၃၂၄ | ၄၄၂ | ၄၀၉ | ၃၀၈ |
| ထရာဗင်ကိုး | ၅၉ | ၈၂ | ၉၈ | ၁၀၃ | ၁၁၃ |
| ကာသီယာဝါ | ၂၄ | ၃၂ | ၅၃ | ၄၉ | ၄၄ |
| သီဟိုဠ်၊ အိန္ဒိယစျေးကွက် | ၁,၅၉၂ | ၁,၃၅၃ | ၂,၁၀၈ | ၂,၅၁၉ | ၂,၀၉၆ |
| **အမည်ဖော်နိုင်သော စျေးကွက်** | ၃,၅၈၂ | ၂,၈၅၁ | ၃,၄၈၆ | ၃,၇၈၀ | ၃,၁၁၁ |
| **အမည်ဖော်နိုင်သောစျေးကွက်နှင့်အမည်မဖော်နိုင်သော စျေးကွက် စုစုပေါင်း** | **၃,၆၆၆** | **၂,၉၂၁** | **၃,၅၆၅** | **၃,၈၇၀** | **၃,၂၁၇** |